



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး
ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှ
သူများအား ဆန့်ကျင်ကြ
★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ
ဆန့်ကျင်ကြ
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သ
တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံတ
နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆေ
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတ
တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြ
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဒဿမကျော်ထွဋ်၏ ထွက်ရှိပြီး ဝတ္ထုများ

၁။ သစ်ခြောက်ကုန်း
၂။ သုသာန်စောင့်မဖဲဝါ
၃။ တမလွန်သို့ ခြေလှမ်းငါးလှမ်း
၄။ ပုဏ္ဏကတိုက်တဲ့အိမ်
၅။ သချိုင်းကုန်းမှ ဖုန်းခေါ်သံ
၆။ နန္ဒာဒေဝီ
၇။ သဂြိုဟ်စက်ဟောင်းရဲ့ နံရံ
၈။ မကောင်းဆိုးရွားပုံတူ
၉။ စောင်းသံကဝေ
၁၀။ မြွေသိုက်
၁၁။ လိပ်ပြာခွဲတဲ့ည
၁၂။ လမိုက်ညခေါ်သံ
၁၃။ ဝိဘတ်ကြမ္မာ
၁၄။ သက်ပျောက်သစ်ပင်
၁၅။ တတိယမျက်လုံးရှင်
၁၆။ မနောမဟိဒ္ဓိ
၁၇။ သရဲကျမ်း (သရဲအကြောင်း သုတေသနစာတမ်း)
၁၈။ ခြေကလိန်မ မယ်ကာက
၁၉။ သန်းခေါင်ယံညည်းသံ
၂၀။ မှော်ဝင်ဖူးစာရှင်ရုပ်ပုံလွှာ
၂၁။ သွေးနိမိတ်ကျောက်တိုင်
၂၂။ မြွေကြမ်း

ယခု = သုသာန်မှာသိမ်းတဲ့ဓာတ်
ဆက်ထွက်ရန် = သရဲဂိမ်း

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၁ အောက်တိုဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် | ၅၀၀၉၇၇၀၈၀၁ | နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၉၇၇၀၈၀၁ | တို့အရ
ဦးဝင်းသူရလွင် အိမ်မက်အသစ်စာပေ
၃၈/ ၃၅လွှာ၊ ၁၅၃လမ်း၊ တာမွေမြို့နယ်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးတင့်ဆော်၊ ပင်မြင့်စာသားပုံနှိပ်တိုက်
(၂၄) တာဝတိံသာလမ်း ပုဇွန်တောင်တွင် ပုံနှိပ်သည်။

တန်ဖိုး (၁၈၀၀) ကျပ်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃
အေသကျော်စွာ
သုသာန်မှာသိမ်းတဲ့ဇာတ် / အေသကျော်စွာ။ - ရန်ကုန်
အိမ်မက်အသစ်စာပေ၊ ၂၀၀၁။
၁၈၈ - စာ၊ ၁၂ စင်တီ × ၁၈.၅ စင်တီ။
(၁) သုသာန်မှာသိမ်းတဲ့ဇာတ်။



ရုတ်တရက် ...

ကျောရိုးတလျှောက်၌ စိမ့်ကနဲ ဖြစ်သွားမိသည်။

ကိုယ့်လက်ကို ပြန်ငုံ့ကြည့်မိသောအခါ ကြက်သီးအဖုအဖုကလေးများ ထနေသည်ကို မြင်ရ၏။ ခွေးအူသံ သချိုင်းအကြောင်း ပြောမိစဉ်တိုင်း၌ သူ ထိုသို့ ခံစားရတတ်မြဲ ဖြစ်သည်။

✱

www.burmeseclassic.com



စကားဝိုင်းကို လက်စသတ်ပြီးပြီးချင်းမှာပင် အားလုံးကို နှုတ်ဆက်ပြီး အမှုလိုက်အရာရှိ ထပြန်လာခဲ့သည်။

အတွေးကိုယ်စီနှင့်မို့ သူ့ကိုဘယ်သူမှ ဟက်ဟက်ပက်ပက် စကားမဆိုလိုက်ဖြစ်ကြ။

အားလုံး၏ ရင်ထဲ၌ တူညီသောခံစားမှုတစ်ခုသာ ဖြစ်ပေါ်နေမိကြသည်။ ကိုမျိုးလွင်၊ ခင်စက်မေတို့၏ ပုံရိပ်များအား မြင်ယောင်နေမိခြင်းနှင့်အတူ ရောယှက် ဖြစ်ပေါ်နေမိသော ထိုခံစားမှုသည်ကား သွေးလန့်နေမိခြင်းပင်တည်း။

ခွေးအူသံသချိုင်းအကြောင်း ပြောမိသော အမှုလိုက်‚ အရာရှိသည့်လည်းကောင်း၊ နားထောင်ခဲ့မိသော



သည်လည်းကောင်း ထိုကြောက်စရာ အကြောင်းကြီးကို စကားလုံးများအဖြစ် ဖွင့်ထုတ်ဆွေးနွေးမိခဲ့ကြအတွက် ထိုအရာကြီးနှင့် သူတို့ပတ်သက်သွားမိသလိုနေကြရသည်။

အဝေးတစ်နေရာ၌ ငြိမ်သက်စွာရှိနေသော ထိုကြောက်မက်ဖွယ် တစ်စုံတစ်ရာသည် သူတို့က အကောင်ည်ဖော်၍ ပြောဆိုမိခြင်းကြောင့် သူတို့အား လှမ်းခြုံသိုင်း၍ လာပြီလော။

သေချာသည်ကတော့ အားလုံး ကြက်သီးထချမ်းနေမိခြင်းပင်ဖြစ်၏။

✱

www.burmeseclassic.com



အမှုလိုက်အရာရှိအတွက်မူ အားလုံးထက် ပို
လိမ့်မည်။

သူ့အတွက်ဆိုလျှင် ခင်စက်မေ၊ ခွေးအူသံသချိ
တို့မှာ တကယ့်အရှိတရား ဖြစ်သည်။

သူ့အိမ်ရှေ့သို့ ပြန်ရောက်၍ ခြံဝင်းတံခါးဝအ
ဖွင့်ဝင်လိုက်သည်နှင့်ပင် အာရုံထဲ၌ ရစ်ဝဲနေသော ကိုမျိုး
လွင်၊ ခင်စက်မေတို့၏ အရိပ်သဏ္ဌာန်များသည် ပူးပေါင်
ယှက်ဟပ်ကာ တကယ့် သက်ရှိထင်ရှား လူသားတစ်ဦ
အဖြစ်သို့ ရောက်ရှိ သွားကြလေ၏။

"မေမေရေ ၊ ဖေကြီးပြန်လာပြီ"

အော်ဟစ်ရင်းပြေးချလာသော သမီးလေ



အိမ်စက်မေကို ဆီးယူချီပွေ့လိုက်သည်။ တကယ်ပင် သမီးလေး၏ မျက်နှာအားမြင်တွေ့ရသည်မှာ ကိုမျိုးလွင်နှင့် ခင်စက်မေတို့၏ ပုံရိပ်များ ပေါင်းစပ်ထားသည့် ပမာပင်။

"ငါ့သမီးလေးက ဖေကြီးကိုစောင့်နေတာလား"

"အင်းပေါ့၊ ထမင်းအတူစားကြမလို့ဟာ၊ သမီးမှာ ဆာလို့ အူကိုလိမ်နေတာပဲ"

လူကြီးဆန်ဆန်လေး ပြောနေသောသမီးကို ချစ်စနိုးစိတ်ဖြင့် ပါးဖောင်းဖောင်းလေးအား လိမ်ဆွဲလိုက်မိသည်။

"စားနှင့်ရောပေါ့ သမီးရယ်"

ဟု ပြောမိစဉ်မှာပင် အိမ်ရှေ့တံခါးဆီမှ အသံတစ်သံက ကြားဖြတ်ဝင်ရောက်လာလေ၏။

"အဲဒါ ပြောမရဘူး အစ်ကိုရေ၊ အစ်ကိုလာမှ စားမယ်တဲ့"

လှမ်းကြည့်တော့ သူ့ဇနီး မခင်နွယ်။ အိမ်ရှေ့တံခါးမကိုဖွင့်လျက် သူတို့အား ဆီးကြိုနေလေ၏။

"ဒါဆို မင်းလဲ မစားရသေးဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ တစ်မိသားစုလုံး အတူစားနေကျဟာ ပဲ၊ အစ်ကိုရော ဒီနေ့မှ ဘာလို့ နောက်ကျ နေရ တာလဲ "

"မိတ်ဆွေတွေနဲ့ လက်ဖက်ရည်ဆိုင် ထိုင်နေဖြစ် လို့ပါကွာ"

"ဩော် ... သူကတော့ အပေါင်းအသင်းတွေနဲ့ လေပန်းနေတာပေါ့လေ၊ အလုပ်ကြီးအကိုင်ကြီး လုပ်နေတယ်ပေါ့၊ ဒီလိုမှန်းသိ မစောင့်ပါဘူး တကယ်ပဲ၊ ဘာအရေးကြီး အကြောင်းအရာတွေ များ ဆွေးနွေးနေလို့ ဒီလောက်တောင် ကြာနေရ တာလဲ "

မခင်နွယ်ကတော့ ဘာရယ်မဟုတ်ဘဲ နောက်တော့ နှောက်လေး ပြောလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် အမှု လိုက်အရာရှိကိုလှရွှေမှာ အဖြေရခက်ကာ မျက်နှာအနည်း ငယ် ပျက်သွားခဲ့၏။

မခင်နွယ်က ချက်ခြင်းရိပ်မိသည်။

"ရှင် ... ဟိုအကြောင်းတွေ ပြောပြမိ ပြန်ပြီ



လား"

ကိုလှရွှေ ခေါင်းငုံ့သွားသည်။

"ဟုတ်တယ်ကွာ၊ စကားစပ်မိသွားပြီးသူတို့က လည်း အတင်းမေးတာနဲ့ ... "

စကားက တစ်ပိုင်းတစ်စတွင် ရပ်တန့်သွား၏။

မခင်နွယ်က နားလည်သိတတ်စွာဖြင့် ကိုလှရွှေ၏ ကော်မောင်းတစ်ဖက်ကို လာရောက် ဆုပ်ကိုင်သည်။

ထို့နောက် သူတို့မိသားစုသုံးယောက်လုံး အိမ်ထဲ အတူတူဝင်လာခဲ့ကြရင်း မခင်နွယ်က သက်ပြင်းတစ်ခု အတူ တိုးတိုးဖွဖွ ပြောလေ၏။

"အင်းပေါ့လေ ဒီလောက် ကြီးကျယ်ခဲ့တဲ့ အဖြစ် အပျက်ကြီးကို ကျွန်မတို့ လုံးလုံးမေ့ပျောက် လိုက် ဖို့တော့ ဘယ်ဖြစ်နိုင်မှာလဲ "

"ကြီးကျယ်ရုံတင်မက အရမ်းလည်း ကြောက် စရာကောင်းခဲ့တာပဲကိုကွာ "

"ကျွန်မတောင် အခုထိ တွေးမိတိုင်း ကြက်သီး ထမိတုန်းဘဲသိလား "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အကြောင်းကြားရတဲ့ သူတွေကတော်
အတော်ကြောက် သွားကြတယ်ကွ"

"ရှင် ... ရှင့်မိတ်ဆွေတွေကို ဖြစ်ခဲ့သမျှ အကုန်
လုံး ပြောပြခဲ့သလား"

"ဟင့်အင်း၊ မင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာ
တွေ ကိုယ်မပြောဖြစ်ခဲ့ပါဘူး"

"ဒါဆို ... အပြည့်အစုံ ဘယ်ဟုတ်မလဲ"

"အင်းပေါ့၊ ကိုယ်သာဆက်ပြောမယ်ဆိုရင် မင်
ရော သမီးလေးရော အကြောင်းတွေ ပြောရမှာ
လေ"

သူ့နာမည်ပါလာသဖြင့် သမီးလေး အိမ်စက်မေ
က ကိုလှရွှေ နှင့် မခင်မေကို တစ်လှည့်စီ လိုက်ကြည့်ရှ
နေ၏။

ဧည့်ခန်းထဲရှိ ဆက်တီခုံရှည်ပေါ်တွင် သမီးငွေလေ
ကို အလယ်၌ထားကာ ထိုင်နေကြရင်း သမီးလေးခေါင်းမ
ဆံပင်များကို ထိုးဖွပွတ်သပ် ပေးနေရင်းက မခင်နှင့်ယ
မျက်ဝန်းများမှာ အတိတ်နေ့ရက်များကို သတိရတာမ်းတ



ဖြင့် ရီဝေသွားကြလေ၏။

"အဲဒီတုန်းက ကျွန်မတို့ အတော်ကိုခြောက်ခြားခဲ့
ရတယ်နော်"

"ဟုတ်တယ်၊ တကယ်ကို သွေးပျက်မတတ်ပါ
ဘဲ၊ တကယ်တော့ ခွေးအူသံသချိုင်း၊ ခင်စက်မေ
တို့နဲ့ ပတ်သတ်သမျှဟာ အဲဒီအတိုင်း အရှမ်း
ထိတ်လန့်စရာတွေ ချည်းပါပဲလေ"

ထို့နောက် ဘယ်သူမှ စကားဆက်မဆို ဖြစ်ကြ
ဘဲ အတွေးတွေ လွင့်မျောနေမိကြလေ၏။

သူတို့အာရုံထဲတွင် ထိတ်လန့်ကြောက်ရွံ့မှုများနှင့်
တူညီစွာရှိနေကြသည်ကတော့ ထင်ရှားလှသော
ကြောက်စရာ အမည်နာမတစ်ခုပင် ဖြစ်၏။

အမှုလိုက်အရာရှိ ကိုလှရွှေအဖို့ မိတ်ဆွေများအား
ပြဖြစ်ခဲ့သော သုသာန်စောင့်အကြောင်း နောက်ဆက်
ဖြစ်ရပ်များကိုလည်း သူတို့နှစ်ဦးလုံးကိုယ်စီ အမှတ်ရ
ကြပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှရွှေနှင့် မခင်နွယ်၏ အတိတ်
(သို့မဟုတ်
ကိုမျိုးလွင်နှင့် သမီးအိမ်စက်မေ၏ ပစ္စုပ္ပ
(သို့မဟုတ်
သူ့သာန်စောင့်ဇာတ်သိမ်



[၁]

ကျောင်းဆရာမလေး မခင်နွယ်အဖို့ ကလေးယယ်လေး တစ်ယောက်အား စိတ်ဝင်စားမိခြင်းသည် အလွန်တုန်လှုပ်ခြောက်ခြားဖွယ် ဖြစ်ရပ်ကြီးတစ်ခုအတွင်း ပါဝင်ပတ်သက်ခဲ့မိခြင်းပင် ဖြစ်၏။

သို့သော် ထိုစဥ်ကတော့ ယင်းကို သူမ ကြိုတင်၍ လုံးဝမရိပ်မိခဲ့ပါချေ။

✸

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်မှာ စစချင်းကတည်းက ...
အသိရခက်ခြင်းများစွာဖြင့် ကြောက်မက်ဖွယ် ...

ကျောင်းမုန့်စားဆင်းချိန် ဖြစ်သဖြင့် ဆရာ ဆရာမများ နားနေရာ အခန်းငယ်အတွင်းတွင် မခင်နွယ်တစ်ယောက် အိမ်စာအဖြေလွှာများအား အမှတ်ထိုင်ခြစ်နေစဉ် သူမတို့ အတန်းထဲမှ ကျောင်းသားငယ်လေးတစ်ယောက် အမောတကောနှင့် ပြေးချလာလေ၏။

"ဆရာမ ဆရာမ အိမ်စက်မေ သရဲခြောက်တယ်၊ အိမ်စက်မေ သရဲခြောက်တယ်"

မခင်နွယ်က ထိုကျောင်းသားလေး ပြောသည်ကို ရုတ်တရက် နားမလည်။



"ဘာဖြစ်လာတာလဲ သားရဲ့၊ အေးအေးဆေးဆေး ပြောစမ်းပါဦး"

"အိမ်စက်မေ သရဲခြောက်လို့ ဆရာမ၊ သား ကြောက်တယ်၊ အီး ဟီး ဟီး"

ပြောပြောဆိုဆိုနှင့် ငိုချပါလေတော့သည်။

ကလေးငယ်မှာ ချွေးတွေ တစ်ကိုယ်လုံးရွှဲလျှက် တုန်ပ... ...င် ဖြစ်နေလေသည်။

သူ့လက်ကလေးကို ဆွဲယူကာ ကိုယ်ခန္ဓာလေးအား မခင်နွယ်... သွေးပွေ့နှစ်သိမ့်လိုက်၏။

"...ပြောပါဦး သားရယ်၊ ဘာမှ မကြောက်ပါနဲ့၊ ဆရာမတစ်ယောက်လုံး ရှိပါတယ်၊ ဘယ်လိုဖြစ်တာလဲဆိုတာ အေးအေးဆေးဆေး ပြောပြ ဟုတ်ပြီလား"

"အိမ်စက်မေ သရဲခြောက်လို့ ဆရာမ"

"ဘယ်လို! အိမ်စက်မေကို သရဲခြောက်တာလား"

"မဟုတ်ဘူး အိမ်စက်မေက ခြောက်တာ"

အာရုံထဲတွင်း အမြဲ...အေးငိုင်ငိုင် နေတတ်သော

www.burmeseclassic.com



ကလေးမလေးတစ်ဦး၏ ပုံသွင်ကို မြင်ယောင်လာမိ၏။

နယ်ကျောင်းလေး ဖြစ်သဖြင့် သူတို့ကျောင်းတွင် စတုတ္ထတန်း တန်းခွဲနှစ်ခုသာရှိ၏။ ထိုကလေးမက သူမ အတန်းပိုင်အဖြစ် တာဝန်ယူရသောအခန်းမှ မဟုတ်။

သို့သော် ထိုအခန်းအတန်းပိုင်ဆရာ မအားလပ်ချိန်များ၌ ဝင်ရောက် ကူညီသင်ကြားပေးဖူးသဖြင့် အိမ်စက်မေဆိုသည်ကို မျက်မှန်းတော့ တန်းမိနေသည်။

ဒီလို လူစင်စစ်က သရဲခြောက်သည် ဆိုခြင်းမှာ ဘယ်လိုဖြစ်နိုင်ပါမည်လဲ၊

လာပြောသော ကျောင်းသားကလေးမှာ ကယောင်ချောက်ချားနှင့် လျှောက်ပြောနေခြင်းဖြစ်မည်ဟု ထင်မိသည်။ ပြုံး၍မေးလိုက်၏။

"အိမ်စက်မေက အခုဘယ်မှာတုန်း သားရဲ့"

"အိမ်သာထဲမှာ ဆရာမ"

"ကဲ ကဲ ဒါဆို ဆရာမသွားကြည့်လိုက်ဦးမယ် နော်၊ သား ဒီမှာဘဲ နေခဲ့၊ ဟုတ်လား"

"ဟုတ်ကဲ့"



ကျောင်းအိမ်သာဘက်ဆီ ချက်ချင်းထွက်လာခဲ့လိုက်၏။

အိမ်သာဝ၌ ကလေးတွေ စုပြုံနေသည်ကို မြင်ရသည်။ အားလုံးမှာလည်း ထိတ်လန့်တုန်လှုပ်နေသော မျက်နှာကိုယ်စီဖြင့် ...

"အိမ်စက်မေရော ဘယ်မှာလဲ"

ကလေးအုပ်ထဲမှ တစ်ယောက်က မဝံ့မရဲဖြေသည်။

"မရှိတော့ဘူး ဆရာမ၊ သွားပြီ"

"ဘယ်သွားတာတုန်း၊ အတန်းထဲကိုလား"

"မသိဘူး ဆရာမ၊ ဒီတိုင်းထွက်ပြေးသွားတာပဲ"

ဝိုင်းအုံနေသော ကလေးတွေကို တစ်လှည့်၊ အိမ်သာအတွင်းပိုင်းသို့တစ်လှည့် ကြည့်လိုက်မိသည်။

"ကဲ ဘယ်လိုဖြစ်ကြတာလဲ ပြောပါဦး"

ကလေးတွေက တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းဝန်း ရှင်းပြကြလေ၏။ ပထမ မရှုမရဲဖြစ်နေရာမှ သူမရှိနေသဖြင့် တဖြည်းဖြည်းအားတက်လာကြဟန်နှင့် စီစီညီ

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

ဟိုရောက်ဒီရောက်ပိုင်းပြောနေကြသည်ကို တစစီ ဆက်စပ်၍ အဓိပ္ပာယ်ကောက်ယူရ၏။

မုန့်စားဆင်းချိန်မို့ ကလေးတွေ အိမ်သာအလု အယက် ဝင်နေကြချိန်တွင် အိမ်စက်မေလဲ အိမ်သာတက်ဖို့ လာခဲ့ကြောင်းသိရ၏။

ဘယ်သူနှင့်မှလဲ အဖက်မလုပ်၊ ဘယ်သူနှင့်မှလဲ အသွင်မတူသော အေးတိအေးစက် ကြောင်တိကြောင် တောင်လေး အိမ်စက်မေကို ကလေးတွေက အမြဲဝိုင်းစ တတ်လေသည်။

ဒီနေ့လဲ အိမ်သာမှာတွေ့တော့ ကောင်လေး တစ် သိုက်က နောက်ပြောင်ဖြစ်၏။

အိမ်သာသွားချင်နေသော အိမ်စက်မေကို နေရာ ဖယ်မပေးဘဲ သူတို့ချည်းသာ တစ်ယောက်ပြီးတစ်ယောက် ဝင်နေကြလေ၏။

အိမ်စက်မေက တဖြည်းဖြည်း ဒေါသထွက်လာ သည်။ အိမ်သာရှေ့တွင် ခါးထောက်ရပ်ရင်း မျက်မှောင်ကျုံ့



ကြည့်နေရာမှ မျက်နှာများနီးမြန်းကာ လူတစ်ကိုယ်လုံး တစစ ပို၍တုန်ယင်လာခဲ့လေ၏။

ကောင်လေးတွေကတော့ သတိမပြုမိဘဲ သူမကို ဆက်လက်၍ စနောက်နေကြဆဲ။

ထိုစဉ်မှာပင် …

အိမ်သာတံခါးများသည်
လေပြင်းတိုက်လိုက်သလို
တပြိုင်ထဲ ဝုန်းကနဲ ပွင့်ထွက်ကာ
အရှိန်ပြင်းစွာ ယမ်းခါနေလေတော့၏။

အိမ်သာထဲရှိ ကလေးများအားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။ အိမ်စက်မေကို ကြည့်မိသောအခါ ပို၍ ဝင် ဆိုးသွားလေတော့သည်။

“အဲဒီတုန်းက သူမမျက်နှာကြီးက ကြောက်စရာ ကြီး၊ ဆံပင်တွေကလည်း ဖွာပြီးလွင့်လို့၊ မျက်နှာ တစ်ခုလုံးလဲ နီရဲနေတာပဲ ”

ဟု ကလေးတစ်ယောက်က ပြန်ပြောပြသည်။

အိမ်သာတံခါးတွေမှာ၊ ပြန်ပိတ်လို့ မရတော့။

www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်တိုင်း အားတစ်ခုက ဆွဲထားသလို ပြန်ပြန်၍ပွင့်နေလေ၏။

တစ်ချို့က ထပြေးကြသည်။ တစ်ချို့လည်း ထိုနေရာတွင်ပင် တုန်လှုပ်စွာ ရပ်တန့်ကာ ငိုယိုကြ၏။

မခင်နွယ် ရောက်လာခါနီးလေး အချိန်မှပင် အိမ်စက်မေမှာ သတိပြန်ဝင်လာသလို ပုံစံပြန်ပြောင်းကာ ငို၍ပြေးထွက်သွားကြောင်း သိရလေ၏။

အဖြစ်အပျက်အလုံးစုံကို သိရပြီးတော့ မခင်နွယ်မှာ ဘယ်လိုဖြေရှင်းပေးရမယ်မှန်းပင် မသိတော့။

ကလေးတွေကို ကိုယ့်အတန်းထဲကိုယ် ပြန်ကြဖို့သာ ခိုင်းလိုက်ပြီး ဟင်းလင်းပွင့်နေသော အိမ်သာတံခါးများကို ငေးကြောင်၍ ကြည့်နေမိခဲ့လေတော့သည်။

ဒီကိစ္စကို ဘယ်လိုကိုင်တွယ်ရမယ်မှန်း စဉ်းစားမရတော့။ သူမကိုယ်တိုင်လဲ နားမလည် နိုင်တော့သည်ပင် ဖြစ်၏။



[၂]

ကျောင်းဆောင်အပေါ်ထပ် အဝေးကြီးမှ လှမ်းမြင်ကာထဲက အိမ်စက်မေမှန်း သိလိုက်ပါသည်။

သူမ၏ထူးခြားသော အသွင်အပြင်ကြောင့်လည်း ထိုသို့ သတိပြုမိခြင်းဖြစ်၏။

ဟိုးအစွန်းပိုင်းရှိ ကျောင်းဝင်း စည်းရိုးအစပ်နားတွင် ထိုကလေးမလေး တစ်ယောက်ထဲ။ ကျောင်းဘက် ကျောပေးကာ ထိုင်လျက်သား ရှိနေလေ၏။

ထိုအနားသို့ ဆင်းသွားလိုက်ရ ကောင်းမလားဟု မခင်နွယ် အကြာကြီး ချီတုံချတုံ ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ ထိုသို့တွေဝေနေရပါသနည်း ဟု ကိုယ့်ကိုကိုယ် ပြန်စဉ်းစားမိသောအခါ ရင်ထဲ၌ မသိမသာ ဖြစ်ပေါ်နေသော ကြောက်ရွံ့စိတ်ကို သတိပြုမိလိုက်လေ၏။ ယင်းမှာ တစ်စွန်းတစ်စကြားသိထားသော အိမ်စက်မေ အကြောင်း သတင်းစကားများကြောင့်လည်း ဖြစ်ပေလိမ့်မည်။

ကလေးတွေက ပြောကြသည်။

"အိမ်စက်မေမှာ သရဲရှိတယ် ဆရာမ" တဲ့။

"မဖြစ်နိုင်တာကွယ်"

ဟုဆိုသော် ကလေးတွေက သူတို့၏ အတွေ့အကြုံများကို ပြောပြကြလေ၏။

"အိမ်စက်မေက လူတစ်ယောက်ယောက်ကို ခေါ်သတွက်ရင် အဲဒီလူ တကယ်ဒုက္ခရောက်ရော ဆရာမ"

"အိမ်စက်မေနားမှာလဲ တစ်ခါတစ်လေ အရိပ်လိုလိုနဲ့ ကြောက်စရာကောင်းတဲ့ တစ်ယောက်ယောက် ရှိနေတာကို မြင်ရတတ်တယ် "



"ဘယ်သူမှ မသွားရဲတဲ့ နေရာတွေကို သူ သွားရဲတယ်"

"သူ့အနားမှာ နေမိရင် အလိုလို ကြက်သီးထလာတတ်တယ် "

စသဖြင့် ကြားရသည်များက အစုံအလင်ပင်။

ထိုစကားအားလုံးတွင် ဦးတည်နေသည်ကတော့ အိမ်စက်မေ၏ လျှို့ဝှက်သော ကြောက်စရာအဖြစ်ပင် ဖြစ်၏။

ယခုလို အိမ်စက်မေ၏ အသွင်အပြင် ဆန်းဆန်းကို လှမ်းမြင်ရပြန်တော့ ယခင်ကကြားထားခဲ့သည်များအား ပြန်သတိရမိပြီး ရုတ်တရက် သူမအနားသို့ မသွားဝံ့သလို ဖြစ်မိသည်။

သို့သော် သိချင်စိတ်က ကြီးစိုးနေသည်မို့ တုံ့ဆိုင်းဆိုင်းဖြင့်ပင် မခင်နှယ် ထွက်လာခဲ့မိပါလေသည်။

ကျောင်းဆောင်ပေါ်မှဆင်းပြီး မြက်ပင်ရှည်ရှည်များကြားသို့ တိုးဝှေ့လျှောက်လာခဲ့သည်။ မြက်ခင်း တစ်ဖက် စွန်းတွင်တော့ အိမ်စက်မေမှာ မခင်နှယ်အား တွေ့

www.burmeseclassic.com



ပေး ထိုင်နေဆဲပင်ဖြစ်၏။

နီးလာသည်နှင့် သူမ၏အသွင်ကို ပိုပြီပြင်ပြင် မြင်လာရသည်။ မခင်နွယ် အံ့သြသွားမိ၏။

အိမ်စက်မေမှာ တစ်စုံတစ်ယောက်နှင့် စကားပြော နေသည့်ပုံစံ ရှိနေလေသည်။

ပြောနေတာမှ တကယ့်ကို စိတ်ပါလက်ပါ။

လက်ဟန်ခြေဟန်တွေနှင့် ဖြစ်၏။ တစ်ခါတစ်လေ ဝမ်းသာသွားသလို၊ တစ်ခါတစ်လေလည်း စိတ်တိုင်း မကျသလို အသွင်မျိုးကို မြင်ရလေသည်။

ပြောနေရင်းနှင့် တက်ကြွလာသလိုမျိုး ခန္ဓာကိုယ် လေး လှုပ်လှုပ်ရှားရှား ဖြစ်လာတတ်တာမျိုးလည်း ရှိ၏။

သို့သော် သူမနှင့်စကားပြောနေသူ တစ်ဦး တစ် ယောက်ကိုမှ မမြင်ရ။

မခင်နွယ်ရင်ထဲ ဒိန်းခနဲ ထိတ်လန့်သွားမိလေ၏။

အိမ်စက်မေ ဦးတည်စကားပြောနေသော အရပ်ကို မဝံ့မရဲ လှမ်းကြည့်မိသည်။

ဘာမှမတွေ့သော်လည်း တစ်စုံတစ်ယောက်ရှိ



နေသလို ခံစားလိုက်ရ၏။

ပို၍ထူးသည်မှာ မခင်နွယ်ခန္ဓာကိုယ်၏ တုံ့ပြန်ပုံ ပင် ဖြစ်သည်။ ကြောက်ရွံ့နေပါလျှက်နှင့် တစ်စုံတစ်ခုက ဆွဲယူဆွဲခေါ်နေသလို အိမ်စက်မေ ရှိရာအနီးသို့ တရွေ့ရွေ့ လျှောက်သွားနေမိ၏။

ဘာများဖြစ်ရတာလဲ?

ယခုလို ကိုယ့်ခန္ဓာကိုယ်က ကိုယ့်စိတ်ညွှန်ကြားမှု နောက် မလိုက်တာမျိုး တစ်ခါမှမကြုံဖူး။

မခင်နွယ် ဇောချွေးတွေပင် ပျံလာမိ၏။

အိမ်စက်မေလေးကတော့ ဘာကိုမှ သတိမထားမိ ဘဲ စကားတွေဆက်ပြောနေဆဲ။

တစ်ချက်တစ်ချက် သူမထံမှ အသံလေး တစ်စွန်း တစ်စကိုပင် ကြားမိရသလိုရှိ၏။

ညို့ချက်မိသည့်သဖွယ် တရွေ့ရွေ့တိုးသွားနေသူ တစ်ယောက်နှင့် ...

လောကကြီးကိုမေ့ကာ မမြင်ရသော တစ်စုံ တစ်ရာနှင့် စကားပြောနေသည့်သဖွယ်ရှိနေသူ အစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တို့ ဆုံမိခါနီးဆဲဆဲ ...

မခင်နွယ်တစ်ယောက် အိမ်စက်မေနား ကပ်မိခါနီးဆဲဆဲ ...

- မှာပင် တစ်စုံတစ်ရာက သတိပေးလိုက်သလို အိမ်စက်မေကိုယ်ကလေး ဆတ်ခနဲဖြစ်သွားလေတော့၏။

နောက်သို့ ဖျတ်ခနဲလှည့်ကြည့်သည်။

မခင်နွယ်မှာ တရွေ့ရွေ့တိုးသွားနေခြင်းမှ ရပ်တန့်ပြီး နေရာတွင်ပင် ကြောင်အမ်းအမ်း ရပ်နေမိသည်။

မခင်နွယ်ကို မြင်သွားသောအခါ

အိမ်စက်မေက

ဆန်းပြားသော အကြည့်စိမ်းစိမ်းတစ်ချက်ဖြင့် လှမ်းကြည့်၏။

ထို့နောက် နေရာမှထခါ ထွက်ပြေးလေတော့သည်။

မခင်နွယ်မှာ တားမြစ်လိုက်ဖို့ ဖြစ်သော်လည်း ပါးစပ်မှ အသံတစ်စုံတစ်ရာ မပြုမိ။

**ရုတ်တရက် နှုတ်ဆွံ့သွားသလို ဖြစ်နေခဲ့သည်။**



လက်ခြေများကလည်း အင်အားကြီးမားလှသော အစုံတစ်ရာက တားဆီးထားသဖြင့် လှုပ်ရှားမရသလို ဖြစ်သွားခဲ့သည်။

ကျောင်းဆောင်ဘက်ဆီ အိမ်စက်မေ ပြေးထွက်သွားသည်ကို သာအငေးသား ကြည့်နေရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၃]

ကလေးတွေက အိမ်စက်မေကို ကြောက်လဲ ကြောက် ထူးဆန်းသည်ဟုလည်း အံ့သြကြခြင်းမှာ ဖြစ် ထိုက်ပေသည်ဟု မခင်နွယ် လက်ခံလိုက်ရပြီ ဖြစ်သည်။

အိမ်စက်မေ၏ အနေအထိုင်ကလည်း လျှို့ဝှက် လွန်းသည်။

ဟိုတစ်နေ့က ကျောင်းဝင်းအစပ်တွင် သူမ၏ ထူး ဆန်းသော အပြုအမူကို မြင်လိုက်ပြီးကတည်းက မခင်နွယ် ထိုအကြောင်းမေးမြန်းရန် အားထုတ်နေခဲ့၏။

သို့သော် မျက်နှာချင်းဆိုင်လိုက်သည်နှင့် သူမက



ပြေးထွက်သွားခဲ့သည်ချည်းဖြစ်၏။

လူကြောက်တတ်၍လား?

မခင်နွယ်က ဆရာမမို့ ဆူမှာရိုက်မှာ စိုးလို့များ လား?

ဘာပဲဖြစ်ဖြစ် ခုလို အမေးကိုမခံသည်ကတော့ ထိုကလေးမ၌ အပြစ်တစ်စုံတစ်ရာ လုပ်ထား၍ဟုပင် ယူဆရတော့မလို ဖြစ်နေခဲ့သည်။

ရက်အနည်းငယ် ကြာသွားပြီးနောက် အလစ် အငိုက် မိသောအခါမှပင် မခင်နွယ် သူမကို ပက်ပင်းဆုံနိုင် လေတော့သည်။

ထိုစဉ်က ...

အိမ်စက်မေမှာ ကျောင်းကော်ရစ်တာ တစ်နေရာ၌ ရှေ့မှလျှောက်သွားသည်ကို မခင်နွယ် မြင်လိုက်ရ၏။

အနောက်မှ ဖျက်ခနဲပြေးလိုက်ပြီး သူမ၏ လက် မောင်းရင်းကို လှမ်းဆွဲထားလိုက်သည်။

အိမ်စက်မေမှာ မျက်လုံးလေးပြူးလျက် အရမ်း ထိတ်လန့်သွားသည့်သဖွယ်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ သမီးရယ်၊ ဆရာမက သမီးကို ဘာမှမလုပ်ပါဘူး၊ သိချင်တာလေး တစ်ခုရှိလို့ပါ"

အိမ်စက်မေက ခေါင်းလေးငုံ့သွား၏။ ကြောက်ရွံ့မှုကြောင့်လေလားမသိ၊ ခန္ဓာကိုယ်လေး မသိမသာ တုန်ယင်နေသည်ကို တွေ့ရသည်။

"ဟိုနေ့က ကွင်းစပ်မှာ သမီးဘာလုပ်နေတာလဲ ဟင်"

ပြန်မဖြေ။ မခင်နွယ်က ...

"ဟင်! သမီး"

ဟု ထပ်မေးမှပင်

"ဘာ ဘာမှမလုပ်ပါဘူး ဆရာမ"

ဟု တိုးတိုးလေး ဖြေလေ၏။

"သမီးကြည့်ရတာ တစ်ယောက်ယောက်နဲ့ စကားပြောနေသလိုပဲ"

ဟု ပြောလိုက်သောအခါ အိမ်စက်မေမှာ မျက်နှာပျက်သွားပြီး မခင်နွယ်ကို ဖျတ်ခနဲတစ်ချက် လှမ်းကြည့်



လေသည်။

ထို့နောက် မပွင့်တပွင့်လေသံဖြင့် ပြန်ပြောသည်။

"မဟုတ်ပါဘူး၊ ဘယ်သူနဲ့မှ မပြောပါဘူး ဆရာမရယ်"

"ဒါဆို သမီးအဲဒီနားမှာ တစ်ယောက်ထဲ ဘာထိုင်လုပ်နေတာလဲ"

အိမ်စက်မေ ခေါင်းလေးငုံ့ချထားသည်မှာ ပြန်မော့မလာတော့။

"ဟို ဟို ..."

ဟု ဆိုရင်း ရှေ့ဆက်မပြောတတ်ဘဲ ဖြစ်နေ၏။

"ရပါတယ် ဆရာမကို မကြောက်ပါနဲ့၊ သမီးအဲဒီတုန်းက ဘာပဲလုပ် နေလုပ်နေ အပြစ်ပေးစရာမှ မဟုတ်တာ၊ အမှန်အတိုင်းသာ ပြောပြ၊ ဟုတ်လား"

အိမ်စက်မေက တစ်ချက်မော့ကာ ခိုးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး မေမေ၊ မေမေနဲ့ ..."

"ဟုတ်ပြီ သမီးမေမေနဲ့ ဘာဖြစ်လဲဟင် သမီး"

"ဟို၊ သမီးမေမေကို သမီးသတိရနေတာပါ"

တစ်ခုခုပြောတော့မလို ပြင်ပြီးမှ လှီးလွှဲဖြေလိုက်ခြင်းဖြစ်မှန်းသိသာလှ၏။ မခင်နွယ် အသည်းယားသွားမိသည်။

သို့သော် ဒီထက် ထပ်မေးလို့လည်းမကောင်းတော့။ ကောင်မလေးက ကြာလျှင် ငိုချလိုက်တော့မည်ထင်၏။

"အေး အေး၊ အဲဒါဆိုလဲ သွားချင်သွားတော့လေ သမီး၊ ကိစ္စတစ်ခုခုဆိုရင်တော့ ဆရာမကို သာ လာပြော၊ ဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ဆရာမ ကူညီပေးနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာမ၊ ဟုတ်ကဲ့ပါ"

စိတ်သက်သာရာ ရသွားသလိုပင် ပြုံးလျက် အိမ်စက်မေ ပြေးထွက်သွားသည်။ မခင်နွယ်ရင်ထဲ ခိုးလုခုလုဖြင့် ကျန်ခဲ့ရ၏။



ဟိုတစ်နေ့က ကိစ္စကို အမှန်အတိုင်း ပြည့်ပြည့်စုံစုံ ပြောမပြသွားမှန်း မခင်နွယ်သိနေသည်။

အဖြစ်မှန်သည် ဘာလဲဆိုတာတော့ သူမ မသိ။ အနည်းနဲ့အများဆိုသလို ထိတ်လန့်စရာ တစ်ခုခု ဖြစ်နေလိမ့်မည် ဆိုသည်ကိုတော့ သူမ အလိုလို ခံစားနေမိပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



[၄]

သူတို့ကျောင်း၏ အချိန်ဇယားထဲတွင် 'ကာယ အချိန်' ဆိုသော အချိန်တစ်ချိန်သည် တစ်ပတ်နှစ်ကြိမ်မျှ ပါဝင်လေသည်။

ကလေးတွေကို ကိုယ်လက်လှုပ်ရှားမှု ပြုစေဖို့၊ ဉာဏ်ရည်ဖွံ့ဖြိုးစေဖို့ ပြုလုပ်ပေးရသောအချိန်တစ်ချိန် ဖြစ်၏။

ယခုတစ်ပတ် ကာယအချိန်တွင် မခင်နွယ်တို့ အတန်းမှ ကလေးများအား အားကစားဆရာ အကူအညီနှင့် ကျောင်းရှေ့မြက်ခင်းပြင်တွင် ကိုယ်လက်လှုပ်ရှားမှု လေ့



ကျင့်ခန်းများ ပြုလုပ်စေသည်။

သူမလည်း မတတ်ကျွမ်းသောကိစ္စမို့ အချိန် ခဏ စောင့်ကြည့်ပြီးသည်နှင့် စာသင်ခန်းဆီ မခင်နွယ် တစ်ယောက်ထဲ ထွက်လာခဲ့သည်။

သို့သော် သူမမှာ စာသင်ခန်းဆီ တန်းတန်း မတ်မတ် မသွားနိုင်ခဲ့ပါ။ ဘေးဘက် စာသင်ခန်းရှေ့ အဖြတ်မှာပင် စိတ်ဝင်စားစရာကိစ္စတစ်ခုကြောင့် မခင်နွယ်၏ ခြေလှမ်းများ တုံ့ဆိုင်းရပ်တန့်သွား ရလေတော့သည်။

ထိုအခန်း၏ အတန်းပိုင်ဆရာဖြစ်သူမှာ ဒေါ်သ တွေ့ အရမ်းထွက်နေခဲ့သည်။ သူထိုသို့ ဒေါသ ထွက်ရခြင်း၏ အကြောင်းအရင်းကို ရှာကြည့်တော့ သူ့ရှေ့တွင် လက်ကလေးပိုက်ကာ ရပ်နေသူမှာ အိမ်စက်မေ။

ထိုကောင်မလေးနှင့် ပတ်သက်နေသောကိစ္စမို့ စိတ်ဝင်စားသွားပြီး မခင်နွယ် ထိုအခန်းထဲသို့ ဝင်ရောက်သွားမိလေသည်။

ခရီးသွားဟန်လွှဲသဘောဖြင့် မေးကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘာတွေများ ဒေါသထွက်နေတာတုန်း"

ထိုအတန်းပိုင်ဆရာက လှည့်ကြည့်၏။

"ဪ၊ ဒေါ်ခင်နွယ်ပါလား၊ ဒီမှာဗျာ ဒီကောင်မလေးပေါ့၊ ကာယအချိန်မို့လို့ တစ်တန်းလုံးကို ကြိုက်ရာ ပန်းချီပုံတစ်ပုံစီ ဆွဲကြပါလို့ ခိုင်းလိုက်မိတဲ့ဟာ သူကပုံမဆွဲဘဲ လျှောက်ခြစ်ထားတယ်ဗျာ၊ ဟောဒီမှာ ကြည့်ပါဦး"

ထိုဆရာလှမ်းပေးသော စာရွက်လေးကို ယူကြည့်မိတော့ မျက်နှာပြင် တစ်ခုလုံးအား ခဲအနက်ဖြင့် မှုန်းခြစ်ထားသည်ကို တွေ့ရ၏။

✷



ဆရာ ဒေါသထွက်မယ်ဆိုလည်း ထွက်စရာပင်။ ဆရာ့စကားကို နားမထောင်ဘဲ တမင်ကလန်ကဆန် လုပ်နေသလို ဖြစ်နေ၏။

ခဲဖြင့် ပိန်းပိတ်မဲနက်နေအောင် ခြစ်ထားလိုက်တာမှ မျက်နှာပြင် တစ်ခုလုံးအပြည့်

ဆရာက အိမ်စက်မေကို ဆက်ဆူနေ၏။

"အားလုံးကို ငါပုံဆွဲခိုင်းတယ်၊ တစ်တန်းလုံးက လိုက်နာကြတယ်၊ နင်က အမဲကွက်ကြီး ဖြစ်အောင် လျှောက်ခြစ်ထားတာက ငါ့ကိုတမင်ရွဲ့တာပေါ့လေ ဟုတ်လား"

အိမ်စက်မေက လက်ကလေးကိုတင်းတင်းဆုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာ မျက်နှာသေလေးဖြင့် ရပ်နေပြီး ဘာမှပြန်မပြော။

ဆရာက ဒေါသတွေပိုထွက်လာပြီး အနီးစားပွဲပေါ်ရှိ ကြိမ်လုံးကိုဆွဲယူကာ အိမ်စက်မေ၏ တင်ပါးလေးအား တရွမ်းရွမ်းနှင့် ရိုက်ပါလေတော့သည်။

အိမ်စက်မေက ငိုလည်းမငို၊ အသံတစ်စက်မှလဲ မထွက်ဘဲ ကြိတ်ခံနေလေ၏။ထိုစဉ်မှာပင် အံ့အားသင့်စရာဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာလေသည်။

အိမ်စက်မေအား လေး၊ ငါးချက်မျှ ရိုက်ပြီးသောအခါတွင် ဆရာသည် ရုတ်တရက်ရင်ဘတ်ထဲက ထိုးအောင့်လာပြီး လက်တစ်ဖက်ဖြင့်သူ့ရင်ဘတ်သူ အလျှင်အမြန်ဖိရလေ၏။

ကျန်လက်ကလည်း ကိုင်ထားသော ကြိမ်လုံးကို လွှတ်ချလိုက်ရသည်။ ပါးစပ်ကြီးဟလျှက် ရေနစ်သူ တစ်ယောက်လို အသက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေခဲ့ရလေ၏။

"ဘာဖြစ်တာလဲ ဟင်! ဆရာ"

"မသိဘူး အရမ်းအောင့်တာပဲဗျာ"



ချက်ခြင်းပင် တပည့်လေးတွေ ဝိုင်းအုံလာ၏။

ဆရာ့ကို ထိုင်ခုံတစ်လုံးပေါ်တွင် သက်သက်သာသာ ထိုင်စေရသည်။

အိမ်စက်မေမှာတော့ နေရာတွင်ပင် အကြောင်သားလေး ရပ်ငေးလျှက်။

ဝိုင်းအုံလာသော ကလေးတွေထဲမှ တစ်ချို့က တီးတိုး ပြောကြသည်။

"သူလုပ်တာ၊ သူလုပ်လိုက်တာနေမှာ"

တစ်ချို့ကတော့ ဆရာ၊ ဆရာမတွေ အနားရှိသဖြင့် ဘာမှမပြောဝံ့ကြ။ သို့သော် အိမ်စက်မေအား ရှုးရှူးရှားရှား လှမ်းကြည့်ကြသည်။

သူတို့၏ အကြည့်များထဲတွင် ပါဝင်နေသည် မှာတော့ ထုတ်ပြောကြသူတို့၏ စကားလုံးများအတိုင်း ထပ်တူပင်။

အိမ်စက်မေက ပတ်ပတ်လည်မှ ကလေးများအား ဝေ့ဝဲကြည့်ရင်း မျက်လုံးထဲတွင် မျက်ရည်တွေ ဝိုင်းလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ပြင်းပြင်းထန်ထန် ယမ်းခါသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး ငါလုပ်တာမဟုတ်ဘူး၊ ငါနဲ့ ဘာမှမဆိုင်ဘူး"

ထို့နောက် မခင်နွယ်တားဆီးချိန်မရခင်မှာပင် ငိုယို၍ ထွက်ပြေးသွားလေ၏။

ရင်ဘက်အောင့်နေသေးဆဲဖြစ်သော ဆရာကို ဂရုစိုက်နေရ၍ လိုက်မခေါ်မိ။

ခုနကလေးတွေပြောသလို အိမ်စက်မေ လုပ်လို့များ ဒီလိုဖြစ်သွားသလားဟု သံသယစိတ်ကလေး မိသွားသောကြောင့်များလားတော့ မပြောတတ်ပါချေ။

✸



ညနေဘက်ကျတော့ ထိုဆရာနှင့် မခင်နွယ်တို့ အိမ်စက်မေအကြောင်း ဆွေးနွေးဖြစ်ကြ၏။

"ဒီကလေးမလေးက ထူးဆန်းတာတော့ အမှန်ပဲဗျ"

ဟု ဆရာက မှတ်ချက်ချသည်။

"ကျွန်မလည်း သူ့ကို သတိထားမိတယ်"

ဟုဆိုကာ မခင်နွယ် တွေ့ကြုံဖူးသမျှ ပြောပြဖြစ်သည်။

"ကျွန်တော်ကတော့ မိဘဆိုးလေးမို့ နည်းနည်းကြောင်တောင်တောင်လေး ဖြစ်နေတယ်လို့ ထင်

www.burmeseclassic.com



တာပါပဲဗျာ၊ တခြားတော့ ဘာမှဟုတ်ဟန်မတူပါဘူး''

''ကျွန်မလဲ အဲလိုပဲ ထင်ထားပါဘဲရှင်၊ ဒါပေမဲ့ ကလေးတွေကတော့ တစ်မျိုးထင်ပြီး လန့်နေကြတယ်၊ ဒီကြားထဲ ဆရာက မနက်က သူ့ကိုရိုက်နေရင်း ရုတ်တရက် ရင်ဘက်အောင့်သွားတော့ ပိုဆိုးတာပေါ့၊''

''အဲဒါက ဒီလိုပဲ နှလုံးအောင့်တာ ထင်ပါရဲ့ဗျာ၊ ခဏနေတော့လဲ သက်သာသွားတာပဲ''

''အရှင်ကရော အဲလိုမျိုးဖြစ်ဖူးလို့လား''

''ဟင့်အင်း ဖြစ်တော့မဖြစ်ဘူးပါဘူး၊ ဒါပေမဲ့ ဒါမျိုးက ဒီအသက်အရွယ်မှာ ရုတ်တရက် ဖြစ်ချင်လဲ ထဖြစ်တတ်တယ်လို့ ကြားဖူးတာပဲ''

''ဒါနဲ့ အိမ်စက်မေမှာ အမေမရှိတော့ဘူးလား''

''ဟုတ်တယ်ဗျ သူတို့က အဖေတစ်ခု သမီး တစ်ခုလေ''

''သူ့အဖေကိုရော ဆရာတွေ့ဖူးလား''



''အင်း၊ ကျောင်းလာအပ်တုန်းကတော့ တခေါက်တွေ့ဖူးတယ်၊ သူ့မိန်းမဆုံးပြီး တခြားမြို့ကနေ ဒီပြောင်းလာတာဗျ''

''နာမည်ရော ဘယ်လိုခေါ်သလဲ''

''ကိုမျိုးလွင်တဲ့''

''သူ့အမေကရော''

''ခင်စက်မေတဲ့ ဗျ''

www.burmeseclassic.com

www.burmeseclassic.com



[၅]

တကယ်တော့...

အိမ်စက်မေ ပုံဆွဲထားခဲ့သော စာရွက်ကလေးအား

ဘာရယ်မဟုတ်ပဲ

မခင်နွယ်ယူလာဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

✸



အလကားသက်သက် စာရွက်ပေါ် ပိန်းပိတ်မဲနက်နေအောင် ဘာလို့များ လျှောက်ခြစ်ထားနေပါလိမ့်ဟု သိချင်မိသောကြောင့်လဲ ဖြစ်၏။

ထိုစာရွက်လေးယူဖို့ ဆရာ့ဆီခွင့်တောင်းသောအခါ ဆရာက လျှောလျှောရှူရှူ ခွင့်ပြု၏။

"ကျွန်တော်က ... လွှင့်တောင်ပစ်တော့မလို့၊
အလကား ... ဒီကောင်မလေး စိတ်ရူးပေါက်ပြီး
လျှောက်ခြစ်ထားတာ ထင်ပါရဲ့ဗျာ"
ဟုပင် ပြောလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မခင်နွယ်လည်းထိုသို့ပင် ယူဆမိပါသည်။ သို့သော် ထိုစာရွက်လေးကို ယူလာချင်စိတ်လည်း ထူးထူးခြားခြား ဖြစ်ခဲ့မိ၏။

အိမ်ပြန်ရောက်လို့ ...၊

ရေမိုးချိုး၊ ညစာစားသောက်ပြီး ကျောင်းမှ ပါလာခဲ့သော အလုပ်များလုပ်မည်ပြုသောအခါ ...

စာအုပ်တစ်အုပ်ကြား ညှပ်ထားမိသော ထို စာရွက်မှာ စားပွဲပေါ်ထွက်ကျလာခဲ့သည်။ အစကတော့ဘေးမှာ အသာချထားလိုက်မိပါသေးသည်။

လုပ်စရာရှိသည်များကို အရင်လုပ်ဦးမည်ပေါ့။ သို့သော် အာရုံကို ဘယ်လိုမှ စုစည်းမရဖြစ်နေခဲ့သည်။ စိတ်က ထိုခဲမှုန်းစာရွက်လေးဆီမှာသာ တဝဲလည်လည် ရောက်နေခဲ့၏။

စာရွက်လေးကို ...

အသာကောက်ကိုင်လိုက်ပြီး ပါးစပ်က တီးတိုး ရေရွတ်မိလေသည်။

"ဩော်... အိမ်စက်မေရယ်၊ ဘာလို့များ စာရွက်



ပေါ် ဘာပုံမှမဆွဲပဲ ဒီလိုအခိပ္ပါယ်မရှိ လျှောက်ခြစ်ရတာလဲ"

မခင်နွယ်ထိုင်နေသည်က စာကြည့်စားပွဲတစ်လုံးရှေ့မှာ ဖြစ်သည်။

စာရွက်လေးကို ဆွဲယူထောင်ကြည့်လိုက်တော့ စားပွဲအပေါ်နောက်ဘက်တွင် စားပွဲတင်မီးက ဆလိုက်ထိုးပြသလို ဖြစ်နေခဲ့သည်ပေါ့။

ပိန်းပိတ်မဲနက်နေသော ခဲခြစ်မျက်နှာပြင်အား ငေးကြည့်မိရင်းမှ မခင်နွယ်မျက်လုံးအစုံမှာ အံ့ဩမှုဖြင့် ပြူးကျယ်၍ သွားကြလေ၏။

'ဟင်' ကနဲ ...၊

အာမေဋိတ်သံနှင့်အတူ စာရွက်လေးကို မီးရောင်နှင့်ကပ်ကာ သေသေချာချာကြည့်မိသည်။

အမြင်အာရုံသည် ပို၍ ထင်ရှားလာခဲ့၏။

ခဲတွေ ပိန်းပိတ်နေအောင်ခြစ်ထားသော အောက်ဘက်တွင် ဝိုးတဝါး အရိပ်သဏ္ဍာန်တစ်ခုကို မြင်တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခဲဖျက်တစ်တုံးကိုယူ၍ ...

မခင်နွယ် စာရွက်ပေါ်သို့ ခပ်ဖွဖွလေး ပွတ်ဖျက်သည်။

တကယ်တော့ ... အိမ်စက်မေသည် စာရွက်ပေါ် ခဲတွေမဲနက်နေအောင် လျှောက်ခြစ်ထားခြင်းမှာ အကြောင်းမဲ့ မဟုတ်။

ဒီစာရွက်ပေါ် နဂိုကရေးဆွဲထားမိသော ပုံတစ်ပုံကို ကွယ်ဖျောက်ရန်အတွက် ဖြစ်ပုံရ၏။

နဂိုက မသိသာသော်လည်း ...

စာရွက်ကို မီးရောင်နှင့် ကပ်ကြည့်မိမှ ထို အောက်ခံပုံ၏ အရိပ်သဏ္ဌာန်ကို မြင်တွေ့လိုက်ခြင်း ဖြစ်လေသည်။

ခဲဖျက်နှင့် ဖျက်ထုတ်ရင်းက အောက်ခံပုံသည် တစစ ပေါ်ထွက်လာ၏။

လေထောင့်အတုံးတွေပုံလိုကို စတင်တွေ့ရသည်။

ဘာတွေမှန်းမသိ။ အပေါ်က ခဲမှန်းထားသည်များကို ထပ်ဖျက်ရင်းဖျက်ရင်းနဲ့ပဲ ...



စာရွက်ပေါ်၌ အိမ်စက်မေ နဂိုကဆွဲထားခဲ့သော အောက်ခံပုံမှာ ...

သချိုင်းကုန်းကြီးတစ်ခုပုံ ဖြစ်နေလေတော့သည်။

'ဟာ' ဟု မခင်နွယ်ယမ်းအော်မိသည်မှာ ဒီတစ်ခါတော့ အတော့်ကို ကျယ်လောင်၍သွားပါသည်။

ဒီလိုကလေးက ဘာလို့များ ကြောက်စရာကောင်းလှသော သချိုင်းပုံကြီးကိုမှ ဆွဲရသလဲ?

အုပ်ဂူတွေအုပ်ဂူတွေ အစီအရီသွယ်တန်းလျက်။

ရိုးတံပြိုင်းပြိုင်း သစ်ပင်ကြီးတချို့နှင့်

ငှက်ဆိုးတွေ အုပ်ဖွဲ့ပျံဝဲနေပုံ ...

များ ရေးဆွဲထားသည်က အသက်ဝင်သလောက် ကြောက်စရာကောင်းလှချေ၏။

ခဲနဲ့မျက်နှာပြင်အပြည့် လျှောက်ခြစ်ပစ်သည်က ထိုခံ့ကို ပြန်ဖုံးကွယ်ဖို့အတွက်လား၊

ဘာဖြစ်လို့ ခဲဖျက်နဲ့ မဖျက်ပစ်ရသလဲ၊

မခင်နွယ်ရင်ထဲ၌ မေးခွန်းများဖြင့် မောလှ၍ လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက စာရွက်ပေါ်မှ သချိုင်းကုန်းပုံကို မလွှဲဖယ် စေတမ်းကြည့်နေမိသည်။

သူမ သတိပြုမိသောအခါ ထိုစာရွက်အား ကိုင်ထားမိသောလက်များ တဆတ်ဆတ်တုန်ယင်နေခြင်းအား တွေ့ရပါလေသည်။



[၆]

ပုံမှန်အားဖြင့် မခင်နွယ် ကျောင်းသို့ အမြဲစောစော ရောက်တတ်မြဲဖြစ်ပါသည်။

သူမနေထိုင်ရာ အိမ်နှင့် ကျောင်းကလည်း သိပ် ဝေးလှဘူး မဟုတ်လား။ သို့သော် ဒီမနက်မှာတော့ အိပ်ရာထ နောက်ကျနေသဖြင့် သူမ ကျောင်းနောက်ကျခဲ့ရသည်။ အိမ်စက်မေ၏ ကြောက်မက်ဖွယ် ပန်းချီပုံသည် ခင်နွယ်အား တစ်ညလုံးကောင်းကောင်း အိပ်မပျော်အောင် တုန်လှုပ်စေခဲ့၍ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီပန်းချီပုံအကြောင်း အိမ်စက်မေတို့ အတန်းပိုင် ဆရာကိုတော့ ပြေပြရဦးမယ်ဟု ကျောင်းအလာ လမ်းတလျှောက်၌ တွေးခဲ့မိသည်။ သူမမှာ အိမ်စက်မေနှင့် ပတ်သက်ပြီး တိုင်ပင်စရာဆိုလို့ ထိုဆရာတစ်ယောက်ပဲ ရှိတာ မဟုတ်လား။ ထိုဆရာနှင့် ညှိနှိုင်းပြီး အိမ်စက်မေကို သေသေချာချာကိုင်တွယ်ရမည်။ အိမ်စက်မေအဖေဆိုသူကို ခေါ်တွေ့သင့်ရင် တွေ့ရမည်ပေါ့

ကျောင်းပေါက်ဝ အရောက်၌ ကြားလိုက်ရသော သတင်းစကားတစ်ခုမှာ မခင်နွယ်စိတ်ထဲ၌ စီစဉ်မိသည်များအား တမုဟုတ်ချင်း ဖျက်ဆီးလိုက်လေတော့သည်။

"ဆရာသေသွားပြီ" … တဲ့။

တွေ့တွေ့ချင်း ထိုသတင်းစကားအား ဆီးပြောသော ဆရာမအား မခင်နွယ်က ပခုံးနှစ်ဘက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကိုင်ကာ သွေးရှူးသွေးတမ်း မေးလိုက်မိသည်။

"ဘာဖြစ်လို့လဲ … ဘာဖြစ်လို့လဲဟင်"

"မသိဘူး … ဆရာဝန် ပြောတာကတော့ နှလုံးသွေး ရုတ်တရက် ရပ်သွားတယ်ဆိုလားပဲ"



အာရုံထဲတွင် မနေ့က မြင်ကွင်းအား ဖျပ်ကနဲမြင်ယောင လာမိ၏။ ရုတ်တရက်ရင်ဘတ်အောင့်ကာ လက်မှကြိမ်လုံးကို လွှတ်ချလိုက်ရသော ဆရာ့အသွင်။

တဆက်ထဲပင် ထိုဆရာ၏ အရိုက်ကို ခံခဲ့ရသော အိမ်စက်မေ၏ မျက်နှာလေးကိုလဲ မြင်ယောင်လာခဲ့၏။

ဒီလောက် အရိုက်ခံနေရတာတောင်မှ တစက်မှ ငိုခဲ့သော ကလေးမ။ ဆရာကိုပြန်ကြည့်နေသော မျက်လုံးဝိုင်းများကိုက ပြန်တွေးမိလျှင် ကျောစိမ့်စရာကောင်းနေချေ၏။

ထိုစဉ်ကတော့ တခြားကလေးတွေ အိမ်စက်မေ့ကို ဝိုင်းဝန်းယိုးစွပ်ကြသည်။

ဆရာ ရုတ်တရက် ရင်ဘတ်အောင့်သွားအောင် ဒင်း လုပ်လိုက်တာ နေမှာပေါ့တဲ့။

ဒါဟာ ဟုတ်များ ဟုတ်နေမလား?

အခုလို ဆရာ ရုတ်တရက်သေဆုံးသွားတာက နှလုံးသွေးရပ်သွားလို့ ဟုဆိုသော …

ရောဂါအကြောင်းအရင်းကို ဆရာဝန်တွေက ရှာ၍

www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း မခင်နွယ်ကမူ ထိတ်လန့်စွာ နောက်ထပ် အကြောင်းရင်းတစ်ခုကို တွေးနေမိ၏။

နှလုံးသွေးသည် နှလုံးရောဂါကြောင့် ရပ်သွားနိုင်သလို ...

အရမ်းကြောက်ဖော်ဖွယ်တစ်စုံတစ်ခုနှင့် ရင်ဆိုင်ရလျှင်လည်း ရုတ်တရက် ရပ်ဆိုင်းသွားနိုင်သည်ပဲ။

ထိုသံသယအား ပိုမိုခိုင်မာခဲ့စေသည်မှာတော့

သေဆုံးသွားသော ဆရာ၏အိမ်သို့ မခင်နွယ် တို့ လိုက်သွားဖြစ်ခဲ့စဉ်မှာဖြစ်လေသည်။



[၇]

ဆရာ့အိမ်သည် ကျောင်းနှင့် မနီးမဝေးမှာ ရှိ၏။

အဝေးကြီးထဲကပင် အိမ်ထဲမှ လူတွေထွက်ချေ င်ချေပြုနေကြသည် မြင်ရ၏။

သာမာန် အသုဘအိမ်တစ်အိမ်အနေနှင့် လိုသည် ထက်ပို၍ လူများလွန်းသည်ဟု ထင်မှတ်ရသည်။

လူမစည်သင့်သော အရပ်မှာ လာစည်နေခြင်းပင် တည်း။

ပြီးတော့ လာကြသူတွေပုံကြည့်ရတာလည်း ရိုးရိုး သတင်းမေးခြင်းထက် ပိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း တီးတိုးတီးတိုးပြုလျက်။

တနေရာစီတနေရာစီမှာ အုပ်စုအုပ်စုကလေးတွေ ရုံးစုရုံးစုပြုနေကြလေသည်။

မခင်နွယ်တို့ ထိုအိမ်ပေါ်တက်သွားပြီး မကြာခင်မှာပင် သူတို့ တီးတိုးပြောနေသော အကြောင်းအရာများကို သိလာရလေ၏။

"ဆရာသေဆုံးသွားရသည်မှာ သွေးရိုးသားရိုး မဟုတ်ပါ"

တဲ့။ ထိုအတိုင်း သံသယဝင်ချင်သလိုလို ဖြစ်နေမိသော်လည်း မခင်နွယ်က ငြင်းမိသည်။

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ ဆရာက နှလုံးရောဂါအခံရှိလို့ ဟိုတစ်နေ့ကတောင် ရင်ဘတ်တွေ ရုတ်တရက် ထိုးအောင့်လာသေးတာပဲ"

"အဲဒါတော့ မသိဘူး။ ဒါပေမယ့် ဆရာမသေခင်က ကျွန်မတို့တွေ့သလောက်တော့ တကယ့်ကို သန်သန်မာမာကြီးပဲ"

အိမ်နီးနားချင်း မိန်းမတစ်ယောက်က မခင်နွယ်ကို ပြောပြနေခြင်းဖြစ်သည်။

ကြောက်ရွံ့စိတ်က လက်မခံနိုင်သဖြင့် မခင်နွယ်မှာ အတွင်းသား ငြင်းဆိုနေမိ၏။

"အင်းလေ၊ နှလုံးရောဂါဆိုတာမျိုးကလည်း သန်သန် မာမာကြီးရှိနေရာကနေ ရုတ်တရက် ဖောက်ချင်လည်း ထဖောက်တက်တာမျိုးပဲ"

"ဒါပေမယ့် မနေ့ညက ဆရာမသေခင် အော်သံနက်ကြီးတစ်ခု ကြားရတယ်ရှင့်"

"အဲဒါက သူဝေဒနာ အပြင်းအထန်ခံစားရလို့ အော်ဖြစ်သွားတာနေမှာပေါ့"

ဘယ်လိုပင်ပြောပြော မခင်နွယ်ကတော့ ငြင်းနေဦးမှာ ဖြစ်သည်။ သူတို့ပြောသည်ကို လက်ခံလိုက်လျှင် သွေးပျက်မတတ်ဖြစ်သွားနိုင်သည် မဟုတ်လား။

သို့သော် သူမနှင့် စကားပြောနေသည့် မိန်းမ၏ နောက်ဆုံး အပြီးသတ်ပြောလိုက်သော စကားတစ်ခွန်းကိုမူ မခင်နွယ် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဆရာမပြောသလို ဒါဟာ သိပ် မထူးဆန်းပဲ သမရိုးကျ ဖြစ်ပျက်သွားတာမျိုးလဲ ဖြစ်ကောင်း ဖြစ်နိုင်တာပါပဲ၊ ဒါပေမယ့် ကျွန်မတို့ ဒီကိစ္စကို အရမ်းထိတ်လန့်သွားရတာက …"

ထိုစကားအရောက်တွင် ယင်းသည် စကားပြောနေရင်းမှ ရုတ်တရက်ရပ်တန့်၍ သွား၏။

တစ်စုံတစ်ခုအားထိတ်လန့်နေသလို ဟိုဟိုဒီဒီ မျက်လုံးအဝိုင်းသားနှင့် လျှောက်ကြည့်သည်။

သိချင်လှပြီဖြစ်သော မခင်နွယ်မှာ ဖွင့်ထုတ်ကာပင် မေးမြန်းမိသည်။

"ပြောပါရှင့် ဘာဖြစ်လို့လဲ"

ထိုမိန်းမက ကြောက်လန့်နေဟန် မပြယ်သေးပဲ တံတွေးတစ်ချက်မျိုချရင်း ခပ်တိုးတိုးပြော၏။

"ဆရာ သေတဲ့ညကလေ၊ အိမ်ရှေ့မှာ အဝါရောင် ဝမ်းဆက်နဲ့ မိန်းမတစ်ယောက်က အိမ်ထဲဘက် စိမ်းစိမ်းကြီး ရပ်ကြည့်နေတာ တွေ့လိုက်ရတယ်တဲ့"



ဘယ်သူတွေက တွေ့လိုက်တာလဲ?

ဘယ်လိုပုံစံမျိုးနဲ့ တွေ့လိုက်တာလဲ?

မခင်နွယ် ရေရေရာရာဆက်မမေးနိုင်ခဲ့။ ထိုအကြောင်းကြားလိုက်သည်နှင့် ကြက်သီးတွေ တဖြန်းဖြန်းထသွားခဲ့၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[၈]

အိမ်စက်မေတို့အိမ် လိုက်သွားဖို့ မခင်နွယ် ဆုံးဖြတ် ဖြစ်ခဲ့သည်မှာ ဆရာဆုံးအပြီး လေးရက်မျှအကြာတွင် ဖြစ်ပါသည်။

✸

ယခုအခါ သူမသည် အိမ်စက်မေတို့အတန်းကိုပါ အတန်းပိုင်အဖြစ် ယာယီပူးတွဲတာဝန်ယူနေရပြီဖြစ်၏။ သင်ရလွယ်အောင် နှစ်တန်းလုံးရှိ ကလေးများကို တစ်ခန်းထဲ ပေါင်းထားလိုက်သည်။



အနည်းငယ် တိုင်ပင်ဆွေးနွေးလိုသည်မို့ အိမ်စက်မေ ဖခင်ဆိုသူ ကိုမျိုးလွင်ကို ကျောင်းလိုက်လာခဲ့ရန် ပေါ်စာပို့ခဲ့၏။

သို့သော် လုံးဝလိုက်မလာခဲ့။

အိမ်စက်မေကို မေးတော့လည်း ရေရေရာရာ ဖြေနိုင်ခြင်း မရှိပေ။ ထို့ကြောင့် နောက်ဆုံးမှာတော့ မခင်နွယ် ကိုယ်တိုင် သူတို့အိမ်လိုက်သွားဖို့ စီစဉ်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန်လက်မြန်ဖြင့်သာ ထွက်လာခဲ့လိုက်သော်လည်း အိမ်စက်မေတို့အိမ်အနီး ရောက်လာသည့်အခါ မခင်နွယ်မှာ နောင်တရချင်သလို ဖြစ်လာမိလေ၏။

အခုလို ကျောင်းပိတ်ရက်မျိုးမှာ မလာဘဲ ကျောင်းဖွင့်ရက် ကျောင်းဆင်းချိန်မှ အိမ်စက်မေနဲ့ လိုက်လာခဲ့ရကောင်းသား။

ဒါမှမဟုတ်ရင်လဲ အဖော်တစ်ယောက်လောက်ခေါ်လာခဲ့ကောင်းသား။

တော်ပါသေးသည်။

နေ့လည်နေ့ခင်း လင်းလင်းချင်းချင်းမှာ လာခဲ့မိ



သည့်သာပေါ့။

နို့မဟုတ်သာဆိုရင် မခင်နွယ်အဖို့ ခုလိုနေရာသောက်ကတည်းက လှည့်ပြန်ပြေးဖြစ်မှာ သေချာပါသည်။

အဝေးက မြင်ရသည်ကပင် အိမ်စက်မေတို့ အိမ်မှာ ခြောက်ခြားစရာ အသွင်ကို ဆောင်လျှက်ရှိ၏။

ယိုင်နဲ့နဲ့ ဝါးတဲကလေးဖြစ်ပြီး အသွင်ကိုက ခပ်အိုအို မှုန်ကုတ်ကုတ်နှင့်။

ငြိမ်သက်လွန်းနေပုံက အတွင်းတွင် လူတစ်ယောက်မှ မရှိသည့်နှယ်ထင်ရ၏။

တွန့်ဆုတ်ဆုတ်ဖြင့်ပင် မခင်နွယ် ထိုအိမ်ရှေ့သို့ လျှောက်လာခဲ့လိုက်သည်။

"အိမ်စက်မေရေ အိမ်စက်မေ"

အသံခပ်အုပ်အုပ်ဖြင့် အိမ်ရှေ့မှအော်ခေါ်သည်။ သို့ပေါ်လည်းအကျယ်ကြီးမအော်ရဲ။ ကြောက်မက်ဖွယ် တစ်စုံတစ်ရာက သူမအသံကို ကြားသွားမှာ စိုးသလို ခံစားနေမိခဲ့၏။

"အိမ်စက်မေရေ အိမ်စက်မေ"

www.burmeseclassic.com



နောက်တစ်ကြိမ် အော်ခေါ်သည်အထိလည်း တုံ့ ပြန်သံကို မကြားရ။

မှောင်မဲလွန်းနေသော အိမ်အထဲမှ လှုပ်ရှားမှုကို မမြင်ရသဖြင့်လည်း မခင်နွယ်စိတ်ထဲ ဇဝေဇဝါပင် ဖြ လာခဲ့မိလေ၏။

သူတို့တွေ ရှိမှရှိကြရဲ့လား?

ဒီနေရာသည် အသက်ရှိသူတို့နေသော နေရာ ပင် ယုံကြည်နိုင်ဖို့ ခက်ခဲသလို ဖြစ်နေသည်။

မခင်နွယ်စိတ်ထဲ စိမ့်ကာကြောက်လာမိ၏။

ထိုနေရာမှ ထွက်သွားတော့မလားဟု မျက်နှာ စဉ်မှာပင် ပြေးချလာသော ခြေသံနှင့်အတူ အသံကလေ ခပ်စူးစူးကိုလည်း ကြားလိုက်ရလေသည်။

"ဟယ်၊ ဆရာမ လာတယ်တော့၊ ဖေဖေ
ဆရာမ လာတယ်"

မခင်နွယ် ပြန်လှည့်လိုက်သောအခါ အိမ်စက် လေး အိမ်ထဲမှ ပြေးထွက်လာသည်ကို မြင်ရ၏။

ကျောင်းမှာ မြင်နေကျနှင့် ကွဲပြားစွာပင် သူ



သွင်က သွက်လက်၍ နေ၏။

မခင်နွယ် သူမအိမ်လိုက်လာသည်ကိုလည်း ဝမ်း မြောက်နေပုံရ၏။

မခင်နွယ်အနီးသို့ ပြေးလာပြီး လက်မောင်းကို ရောက်တွဲကာ အိမ်ထဲသို့ခေါ်၏။

"လာလေ ဆရာမ ... အိမ်ထဲဝင်ပါ၊ ဖေဖေရေ
ဟောဒီမှာ သမီးတို့ဆရာမ လာတယ်"

မခင်နွယ်အိမ်ထဲရောက်မှပင် အိမ်စက်မေ၏ဖအေ သူမှာ လေးလေးကန်ကန်နှင့် အတွင်းခန်းထဲမှ ထွက်လာ သည်။

မခင်နွယ်ကပင် စတင်၍ နှုတ်ဆက်စကားဆိုရ ၏။

"အိမ်စက်မေတို့အဖေဆိုတာ ထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့် နာမည် မျိုးလွင်ပါ၊
ထိုင်လေဆရာမ"

ကိုမျိုးလွင်ဆိုသော ထိုလူ၏ စကားသံမှာ သူ့ ရှုမှုများနှယ်ပင် နှေးကွေးလေးလံလွန်းလှချေ၏။

www.burmeseclassic.com

www.burmeseclassic.com



မခင်နွယ်မှာ နားလည်အောင် မနည်းနားစိုက်ထောင်ရ၏

သူညွှန်ပြရာဆီ လှမ်းကြည့်တော့ အိမ့်ဧည့်ခန်းတွင်
ခင်းထားသည့် ဖျာစုတ်လေးတစ်ချပ်ကို တွေ့ရ၏။

မခင်နွယ် ထိုဖျာပေါ်ကိုထိုင်သောအခါ အိမ်စက်
မေလေးကပါ နံဘေးမှာ ကပ်၍လာထိုင်သည်။

"ကိစ္စတစ်ခုခုရှိလို့များလား ဆရာမ"

"ဟိုနေ့တွေက ဦးမျိုးလွင်ကို ကျောင်းလာတွေ့
ခေါ်ခိုင်းတာ ဘာလို့များမလာတာပါလဲ"

ကိုမျိုးလွင်က ခေါင်းကုတ်သည်။

"ဟုတ်ပါရဲ့၊ ကျွန်တော်သတိရပြီ၊ ဟိုရက်တွေက
သမီးလေးပြောတော့ပြောသား၊ ကျွန်တော် မေ့
သွားတာ၊ ဘာအတွက်များလဲဟင် ဆရာမ"

တကယ်တမ်း မခင်နွယ်လာခဲ့သည်ကတော့ အိ
စက်မေ၏ သာမန်မဟုတ်သောထူးခြားမှုများကို သူ့အဖေ
ဖြစ်သူနှင့် တိုင်ပင်ဆွေးနွေးဖို့ဖြစ်ပါသည်။

သို့သော် ကလေးရှေ့မှာဆိုတော့ မပြောရက်။

အခုလိုကျတော့လည်း အိမ်စက်မေလေးက ရွှ



ရွှင်လန်းလန်း တက်တက်ကြွကြွဖြစ်နေပြီး သူမအဖေ
ကိုမျိုးလွင်ကသာ သဏ္ဌာန်မမှန်သလို ဖြစ်နေလေ၏။

ကျောင်းမှာ ကလေးတွေအမြင်စောင်းနေကြတာမို့
အိမ်စက်မေလေးလဲ တစ်မျိုးဖြစ်နေတာထင်ပါရဲ့။ နှုတ်ဆွံ့
နေသည့် မခင်နွယ်ကို ကိုမျိုးလွင်က ထပ်မေးလေသည်။

"ကျွန်တော့်သမီးလေးနဲ့ပတ်သက်လို့များ မလိမ္မာ
တာ တစ်ခုခုရှိလို့များလားဟင်"

"မဟုတ်ပါဘူး သမီးလေးက လိမ္မာပါတယ်၊
ဒါပေမဲ့ ဦးမျိုးလွင်က တခြားကလေးမိဘတွေလို
မဟုတ်ပဲ ကျောင်းကို တစ်ခါမှလိုက်လာတာ
မတွေ့လို့ပါ။ ဘာပဲဖြစ်ဖြစ် မိဘနဲ့ဆရာဆိုတာ
အမြဲထိတွေ့နေမှ ကလေးအတွက်ကောင်းတာ
ပေါ့"

"ဟာ ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ကျွန်တော်
ကျောင်းကိုလာတွေ့သင့်တာပါ၊ ကျွန်တော်မှားတာ
ပါ ဆရာမရယ်"

ရှေ့ဆက်ပြီး မခင်နွယ်မှာ ဘာဆက်ပြောရမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိပဲ ဖြစ်ခဲ့ရသည်။

အာရုံပြောင်းသည့် သဘောဖြင့် ဟိုဟိုဒီဒီ ဝေ့ကြည့်မိသည်။

ဘာအိမ်ထောင်ပရိဘောဂမှမရှိသော အိမ်ဧည့်ခန်းမှာ ရှင်းလင်းလွန်းလှချေ၏။

အိမ်ဦးပိုင်း၌ ဘုရားစင်လေးတစ်ခုမှလွဲ၍ ဘာမှမရှိ။ အိမ်တွင်းနတ်စင်ပင် မရှိသည်ဖြစ်၏။

“ဒီအိမ်မှာ အိမ်တွင်းမရှိဘူးနော်”

မခင်နွယ် လွှတ်ခနဲမေးလိုက်မိသည်။

“ဟုတ်တယ်လေ၊ ဘာလို့လဲ”

“သြော် ဘာမှ မဟုတ်ပါဘူး၊ အိမ်မှာ အိမ်တွင်းရှိရင် မကောင်းဆိုးရွားတွေဘာတွေ မဝင်နိုင်ဘူးလို့ ရှေးလူကြီးတွေ ဘာတွေပြောတာ ကြားဖူးလို့ပါ”

ကိုမျိုးလွင်က မျက်နှာထားတမျိုးဖြစ်သွားခဲ့သည်။

“ကျွန်တော်တို့ အိမ်ကိုတော့ မကောင်းဆိုးရွားဝင်လည်း ပိုတောင်ကောင်းပါသေးတယ် ဆရာမရယ်”



အတည်ပြောတာလား၊ ရယ်စရာသဘော ပြောလား မသိသဖြင့် မခင်နွယ် ထိုစကားကို ဘာမှ မတုန့်ဖြစ်ခဲ့။

ဆက်ပြောစရာလည်း မရှိတော့သည်မို့ ပြန်ရန်သာဖြစ်ခဲ့လေသည်။

“ဒါဆို ကျွန်မပြန်ပါဦးမယ်နော်၊ နောက်ကိုတော့ ကျောင်းကို မကြာမကြာ လာခဲ့ပေါ့နော်”

“ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော်လာခဲ့ပါ့မယ် ခင်ဗျာ”

အိမ်စက်မေလေးက မခင်နွယ်လက်ကို တွဲကာ ဝေးဝေးအထိ ပြန်လိုက်ပို့ပေးလေသည်။

ပါးစပ်ကလည်း တတွတ်တွတ်နှင့်

“သမီးတို့ အိမ်ကို နောက်ခဏခဏ လာလည်နော် ဆရာမ”

ဟု အကြိမ်ကြိမ် ပြောဆိုခဲ့သည်။

ဘာပဲဖြစ်ဖြစ် မခင်နွယ် ထိုအိမ်သွားဖြစ်သည့်ွက် ရရှိခဲ့သည့် တစ်ခုတည်းသောအမြတ်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



အိမ်စက်မေလေးနှင့် သူမ ရင်းနှီးသွားခဲ့ခြင်းဖြစ်ပြီး ထိုမှ နောက်ပိုင်းရက်များတွင် အိမ်စက်မေလေးမှာ သူမအား တဖြည်းဖြည်း ခင်တွယ်လာခဲ့ပါလေတော့သည်။

ဇာတ်သိမ်း



[၉]

အစကတော့ ဆရာသေဆုံးသွားခြင်းအား သာမန် ဇာတ်မကောင်းစရာဖြစ်ရပ်တစ်ခု အနေဖြင့်သာ ထင်မှတ်ခဲ့မိပါ၏။

သို့သော် မကြာမီမှာပင် ယင်း၏ နောက်ဆက်တွဲ ကိစ္စတို့သည် ခြောက်ခြားဖွယ် ဖြစ်ပေါ်၍လာခဲ့ကြလေတော့၏။

✸

www.burmeseclassic.com

www.burmeseclassic.com



ဆရာ အသုဘရက်လည်စဉ်မှာပင် ရွာထဲ၌ထူးခြားသော သတင်းစကားတစ်ခုမှာ ပုံ့လွင့်၍ လာခဲ့ချေ၏။

"ရွာထဲ သုသာန်စောင့် ဝင်ပြီ" တဲ့။

ဘာကြောင့်များ ထိုသတင်းစကားပေါ်လာရသလဲ မခင်နွယ်စဉ်းစားမရ။

အဝါရောင်ဝတ်စုံဝတ်ထားသော မိန်းမတစ်ယောက် အသွင်ကို ညဘက်၌ ဟိုမှာ ဒီမှာ မြင်ကြသည်ဟု ရွာသူရွာသားတွေ တဆင့်စကားတဆင့်နားနှင့် ပြောဆိုနေကြလေ၏။

မခင်နွယ်က သူမနှင့် နီးစပ်သော ရွာသူရွာသား တချို့ကို မေးကြည့်သည်။

"ဘာလို့အခုတလော လူတွေက ရွာထဲ သုသာန်စောင့်ဝင်တယ် ဆိုပြီး ပြောနေကြတာလဲ ဟင်"

"တွေ့တဲ့သူတွေက တွေ့ကြတယ်တဲ့ ဆရာမ"

"သုသာန်စောင့် ကိုလား"

"ဟုတ်ကဲ့ ဆရာမ"

"ဘယ်လိုလုပ် သူမှန်းသိရတာလဲ"



မခင်နွယ်အား ပြောပြနေသော ရွာသူအဒေါ်ကြီးက မချိပြုံး ပြုံးသည်။

"သိနိုင်တဲ့ အချက်တွေ အများကြီးပေါ့ ဆရာမရယ်၊ သူက အဝါရောင်ဝမ်းဆက်ပဲ အမြဲ ဝတ်တယ်လေ၊ ပြီးတော့ ညလယ်ခေါင်ကြီးကျမှ တွေ့ရတာ၊ သူက ... သူက သချိုင်းက ထလာတာ ဆရာမရဲ့"

"အို မဖြစ်နိုင်တာရှင်"

မခင်နွယ်အဖို့တော့ ရွာသူရွာသားတွေ အယူသီးမှုတစ်ခုဟုသာ ယူဆခဲ့မိပါသည်။ ပြောကြပုံတွေကလည်း အရှားလွန်ကြီး ကြောက်ရွံ့ထိတ်လန့်နေကြဟန် အထင်းသား တွေ့နေရသည်ကိုး။

လူတွေက ဆက်ပြောကြသည်။

"ညဘက်တွေကြရင် အမှောင်ထဲကို သေသေချာချာစောင့်ကြည့်ကြည့် ဆရာမ၊ ထူးခြားတာကို တွေ့လိမ့်မယ်"

"ဘယ်လိုမျိုးလဲ"

"ခုရက်ပိုင်းအတွင်း ညတွေဆိုရင်လေ အမှောင်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တစ်ယောက်ယောက် ရှိနေသလိုပဲ ခံစား
ရတယ်၊ အဲဒါ ကျွန်မတစ်ယောက်ထဲ မဟုတ်ဘူး
နော်၊ တစ်ရွာလုံး အဲဒီ အတိုင်းဖြစ်နေတာ"

မခင်နွယ်ကတော့ သူတို့ပြောသမျှမယုံ။

ရွာသူရွာသားတွေ အကြောက်မလွန်ရအောင်
အမျိုးမျိုးဖျောင်းဖျ၏။

သုသာန်စောင့်နှင့် ပတ်သက်ပြီး အရမ်းကြောက်ရွံ့
ကာ အကျီအဝါမျှပင် မဝတ်ရဲအောင် ဖြစ်နေကြသည်မို့
သူမကိုယ်တိုင် အဝါရောင်ဝမ်းဆက် ဝတ်ပြပြီး လူတွေကို
ပြောဖြစ်၏။

"ဒီမှာတွေ့လား … ကျွန်မတောင် အဝါရောင်
ဝမ်းဆက် ဝတ်သေးတယ်၊ ဘာဖြစ်လို့လဲ၊ အလ
ကား အယူသီးမနေကြစမ်းပါနဲ့ ရှင်"

ယင်းမှာ သူမကျူးလွန်မိသည့် ပထမအမှား ဖြစ်
သည်ဆိုလျှင် နောက်တစ်နေ့ ညဘက်၌ မခင်နွယ် လုပ်ခဲ့မိ
သော လုပ်ရပ်မှာတော့ ဒုတိယနှင့် အဆိုးဆုံး အမှားပင်
ဖြစ်ပေလိမ့်မည်။

ဖြေ



[၁၀]

ထိုညက တော်တော်ညဉ့်နက်သည်အထိ မခင်
နွယ် မအိပ်ဖြစ်ခဲ့။

သူမက ကျောင်းမှ ဆရာမတစ်ယောက်နှင့်အတူ
ရွာထဲရှိ အိမ်တစ်လုံးမှာ အတူငှားနေကြတာဖြစ် သည်။

ထိုဆရာမနှင့် မခင်နွယ်တို့ စကားလက်ဆုံကျနေ
ကြသဖြင့် ညဉ့်နက်သွားရခြင်းဖြစ်လေသည်။

ပြောရင်းဆိုရင်းမှ စကားလမ်းကြောင်းက ရွာထဲ
ရှိ ထိပ်လန့်တုန်လှုပ်ဖွယ်အဖြစ်များအကြောင်း ရောက်သွား
ခဲ့၏။ မခင်နွယ်က …

www.burmeseclassic.com

www.burmeseclassic.com



"အလကား လူတွေသက်သက် အယူသီးနေကြ
တာ နေမှာပါဟယ်"

ဟု ရေရွတ်မိသည်။ ထိုစဉ်မှာပင် အိမ်ပြင်ဘက်ဆီမှ ကြားလိုက်ရသော အသံတစ်သံကြောင့် သူမ၏ ပြောလက်စ စကားမှာ ရုတ်တရက်ရပ်တန့်သွားရလေသည်။

သူမနှင့် စကားပြောနေသော ဆရာမလေးက မေး၏။

"ဟဲ့! နင်ကြားလိုက်သလား"

"အေးဟ ခေါသံတစ်ခုလိုလို ဘာလိုလိုပဲ"

ဖြေရင်းသားမှ အပြင်ဘက်ဆီသို့ မခင်နွယ် အကြည့်ရောက်သွားမိသည်။

ရင်ထဲ လှပ်ခနဲတစ်ချက်ဖြစ်သွားမိ၏။

အိမ်ပြင်ဘက်ရှိ ပိန်းပိတ်နေသော အမှောင်ထဲတွင် ဘာကိုမှ မမြင်ရသော်လည်း တစ်စုံတစ်ယောက် ရှိနေသလိုလို ခံစားရသည်။

ရွာသူရွာသားတွေ ပြောကြသည်များကို မခင်နွယ် ကြားယောင်လာမိ၏။



ခုတစ်လော ညဘက်တွေဆိုရင် အမှောင်ထဲမှာ တစ်ယောက်ယောက် ဒါမှမဟုတ် တစ်စုံတစ်ခုရှိ နေသလိုပဲတဲ့။

ဘေးက ဆရာမလေးကတော့ မျက်လုံးလေး အပြူးသားဖြင့် အတော်ပင်လန့် နေလေပြီ။

ဟန်ကိုယ့်ဖို့သဲဘော မခင်နွယ် မာန်တင်းရင်း ထရပ်ကာ မလှမ်းမကမ်း ဘီရိုပေါ်မှ လက်နှိပ်ဓါတ်မီးကို ထယူ၏။

ပြီးတော့ ချက်ချင်း အပြင်ဘက်သို့ ပြန်လှည့် ကြည့်သည်။

မာန်တင်းကာသာ နေရသော်ငြား သူမလည်း မိန်းမသားပီပီ ကြောက်မိသည်ပင်။

နောက်ကျောမလုံသလိုပင် အိမ်အပြင်ဘက်ကို ကျောမပေးထားရဲ။ အမှောင်ထုထဲမှ ကြောက်စရာ တစ်စုံတစ်ရာသည် အချိန်မရွေး အိမ်ထဲခုန်ဝင်လာနိုင်သည့်နှယ် ထင်မြင်မိ၏။

လက်နှိပ်ဓါတ်မီး ဆုတ်ကိုင်ပြီး နဂိုထိုင်ခဲ့ရာဆီ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်လာစဉ်မှာပင် လမ်းမပေါ်မှ ခွေးများ စူးစူး ရှားရှား ထိုးဟောင်လိုက်သံကို ကြားလိုက်ရလေတော့ သည်။

မခင်နွယ်မှာ ဆတ်ခနဲ တုန်ယင်သွားမိ၏။

သူမ၏ သူငယ်ချင်း ဆရာမလေးမှာတော့ ဆိုဖွယ် ရာမရှိ။ မှီတွယ်ရာမရှိတော့သလိုပင် မျက်လုံးအပြူးသားနှင့် ပတ်ပတ်လည်သို့ ကြိုးကန်းတောင်းမှောက် လျှောက်ကြည့် နေလေသည်။

ခွေးတွေဟောင်ပုံကလည်း ထူးဆန်းလှ၏။

အားလုံးအပြိုင်လိုက်ကြီး ဝေါခနဲထိုးဟောင်ကြခြင်း ဖြစ်သည်။ ဟောင်သံများပြီးတော့ အူသံတွေ ဆက်လာ၏။

အသံရှည်ဆွဲ၍ ခွေးများဟောင်ကြပုံမှာ နားမခံသာ စရာ ဖြစ်သလို ကျောချမ်းစရာလည်း ကောင်းလှချေ၏။

ခွေးအူသံနှင့် မရှေးမနှောင်းပင် သစ်ပင်ကြီးတစ် ပင်ထက်မှ ကျီးတွေ ဝေါခနဲ ပြိုသံကို ဆက်ကြားလိုက်ရ လေ၏။

ခွေးတွေကလည်း အူနေဆဲ။



ကြောက်ရွံ့တုန်လှုပ်ရခြင်းကို သည်းမခံနိုင်တော့ သည်နှင့် မခင်နွယ် လက်နှိပ်ဓါတ်မီးဖြင့် အိမ်ပြင်အမှောင် ထဲသို့ ဟိုဟိုဒီဒီ လျှောက်ထိုးကြည့်မိတော့သည်။

အူနေသော ခွေးတွေများ ငြိမ်သွားမလားဆိုပြီး အသံတုန်တုန်ဖြင့် လှမ်းအော်ငေါက်မိသည်။

"ဟဲ့၊ ရှူး ... ရှူး တိတ်တိတ်နေစမ်း၊ တောက်! ဒီခွေးတွေကလည်း ဆူလိုက်တာ ရှူး ရှူး"

ကိုယ်အသံကိုယ် မမှတ်မိနိုင်လောက်အောင်ပင် မခင်နွယ် နှုတ်ဖျားမှထွက်သည့်အသံက တုန်ယင် ခြောက် တပ်၍ နေ၏။

သူမအော်လိုက်သည်မှာ ခွေးတွေအတွက်တော့ ဘာမှ မထူးခြားသလိုပင် ဖြစ်သည်။

စူးစူးရှားရှား ဆက်ကာအူနေဆဲ။

ကျီးတွေကလည်း တစ်ပင်ပြီးတစ်ပင် ဆက်ကာ ဆက်ကာ ပြိုနေကြဆဲ ဖြစ်သည်။

သို့သော် မခင်နွယ် အဖို့တော့ နောက်တစ်ကြိမ် ထပ်၍ ခွေးတွေကို မငေါက်ရဲတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဝေး အမှောင်ထုထဲမှ ရုပ်မောသံကြီးလိုလို တစ်ခုကို သူမတို့နှစ်ယောက်လုံး နားနှင့်ဆတ်ဆတ် ကြားလိုက်ရခြင်းကြောင့် ဖြစ်ပါသည်။



[၁၁]

အကယ်၍ ...

နောက်တစ်နေ့ မနက်ခင်း၌ ကြုံလာရမည်ဖြစ်သော ထိတ်လန့်ဖွယ်ကိစ္စများကိုသာ ကြိုသိခဲ့ပါလျှင် မခင်နှင်း တစ်ယောက် ယခုလို အိပ်ရာမှ စောစောထ ဖြစ်လိမ့်မည် မဟုတ်ပါ။

အိပ်ရာမှနိုးနိုးခြင်း အိမ်ရှေ့ဘက်ထွက်အလာ၌ မြင်လိုက်ရသော မြင်ကွင်းမှာ သူမအတွက် နှလုံးသွေးရပ်သွားမတတ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး …

အိမ်ပြင်မျက်စောင်းထိုးရှိ သစ်ပင်တစ်ပင်အောက်၌ ငူငူငိုင်ငိုင်ရပ်နေသော ကိုမျိုးလွင်ကို စတင်မြင်ရသည်။

သူ့အနောက်မှ တစ်စွန်းတစ်စထွက်နေသောအရာကို ဆက်ကြည့်လိုက်မိစဉ်မှာတော့ မခင်နွယ် ပါးစပ်များ အာမေဋိတ်သံတစ်ခု ထွက်သွားရလေ တော့သည်။

"ဟင် အခေါင်းကြီးပါလား"

ကိုမျိုးလွင်နောက်ဖက်၌ အခေါင်းကြီးတစ်ခု ရှိနေခဲ့ပါလေသည်။

ကိုမျိုးလွင်နဲ့များ အတူပါလာသလား?

သူကရော ဘာဖြစ်လို့ ဒီအိမ်ရှေ့ရောက်လာတာလဲ?

မခင်နွယ် ခေါင်းတွေချာချာလည်မတတ် စဉ်းစားမရဖြစ်သွားစဉ်မှာပင် ကိုမျိုးလွင်က တီးတိုးလှမ်း၍ ပြောလေသည်။

"စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော်က



အခေါင်းကြီးကို ဆရာမ မတွေ့ခင် ဖျောက်ဖျက်ဖို့ပါ"

"ရှင် … ရှင် … အဲဒါကြီးကို ရှင်ယူလာတာလား ဟင်"

ကိုမျိုးလွင်က တိတိကျကျ ပြန်မဖြေ။

"ဒါကြီး ကျွန်တော်ယူသွားတော့မယ်နော်"

ဟု ဆိုကာသာ အခေါင်းကြီးကို ထမ်းယူလျှက်ထွက်ခွာသွားလေ၏။

တရွေ့ရွေ့ဝေးသွားသော သူ့ကျောပြင်ကို ငေးကြည့်နေရင်း ကြောက်ရွံ့ခြင်း၊ နားမလည်နိုင်ခြင်းများစွာဖြင့် မခင်နွယ် ရင်ထဲ ရှုပ်ထွေးနောက်ကျိကာ ဘာစကားမှ ဆိုနိုင်အောင် ဖြစ်နေစဉ်မှာပင် အနားသို့ဘယ်အချိန်ကတည်းက ရောက်လာမှန်းမသိသော သူငယ်ချင်းဆရာမလေး၏ ငိုယိုပြောဆိုလိုက်သံကို ကြားလိုက်ရလေတော့သည်။

"အဟင့် … ဟင့်၊ ကြောက်စရာ ကောင်းလိုက်တာ၊ မနက်စောစောစီးစီး အခေါင်းကြီးက အိမ်

www.burmeseclassic.com



ရှေ့ ဘာဖြစ်ဖို့ရောက်လာမှန်းမသိဘူး၊ ညတုန်းက လည်း အရမ်းလန့်ဖို့ကောင်းတာပဲ၊ တော်ပြီ တော် ပြီ။ ဒီမှာ နှစ်ယောက်ထဲ ဆက်မနေဝံ့တော့ဘူး၊ ကျောင်းဝင်းထဲက ဆရာ၊ ဆရာမတွေ အများကြီး စုနေတဲ့ တန်းလျားမှာပဲ သွားနေတော့မယ်”



[၁၂]

မခင်နွယ်ကတော့ ထိုအိမ်မှာ တစ်ယောက်ထဲ ဆက်နေခဲ့ဖို့ ဖြစ်ပါသည်။

သူငယ်ချင်းဆရာမကလေး ထွက်သွားသော် လည်း သူမက လိုက်သွားမဖြစ်ခဲ့။ နဂိုထဲက သီးသန့်ခွဲနေ ချင်လို့ ဒီအိမ်ကလေးမှာ နှစ်ယောက်ပေါင်းငှားပြီး လာနေ ဖြစ်ခဲ့သည်ပဲလေ။

မနက်ပိုင်း လင်းလင်းချင်းချင်းမှာမို့လို့ သိပ်အ ကြောက်မလွန်မိသေးသဖြင့်လည်း ထိုသို့ဆုံးဖြတ်မိခဲ့ ခြင်း ဖြစ်ပေသည်။

✱

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရောက်တော့ သူမကို ဆရာ၊ ဆရာမတွေ အားလုံးက မနက်ကနှင့် မနေ့ညက ဖြစ်ပျက်ခဲ့သည်များအား ဝိုင်းဝန်းမေးမြန်းကြ၏။ ဟိုဆရာမကလေး ပြောပြထား၍ဖြစ်ပေမည်။

အသေအချာ မပြောချင်သည်နှင့် ...

"ငါတို့အိမ်မှာ အတူနေတဲ့ဆရာမကလေး ပြောပြထားပြီပြီမဟုတ်လား၊ အဲဒီအတိုင်းပဲလေဟာ"

ဟုသာ ခပ်လွယ်လွယ် စကားစဖြတ်လိုက်၏။

ကြောက်စရာအဖြစ်များအား ပြန်မပြန်ပြောပြလိုတော့၍ ဖြစ်ပါသည်။

စာသင်ခန်းထဲရောက်လို့ အိမ်စက်မေကို မြင်ရပြန်တော့ ထိုအဖြစ်များအား ပြန်သတိရမိပြန်၏။

တနေ့လုံး စာသင်ရသည်မှာ မဖြောင့်။

ညနေစောင်းတော့မှပင် စိတ်ကနည်းနည်း မေ့နိုင်ပျောက်နိုင်ရှိလာခဲ့၏။

သို့သော် ...

ထိုစဥ်မှာပင် မခင်နွယ်အား ခြောက်ခြားတုန်လှုပ်မှု



များဆီသို့ ပြန်လည် ခေါ်ဆောင်ပေးမည့် သူတစ်ယောက် ရောက်ရှိလာလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



"ဟင် သူဒီကို ဘာလာလုပ်ပါလိမ့်"

ကိုမျိုးလွင်၏မျက်နှာကို မြင်သည်နှင့်ပင် မခင်နွယ်မှာ လက်ထဲမှ မြေဖြူပိုင်းကလေး လွတ်ကျသွားရလောက်အောင်ပင် တုန်လှုပ်သွားခဲ့ရလေ၏။

စာသင်ခန်းအပြင် ကျောင်းခြံစည်းရိုးစပ်၌ သူရောက်ရှိနေခြင်း ဖြစ်သည်။

ကျောင်းဆင်းခါနီးပြီဆိုတော့ အိမ်စက်မေကို လာကြိုတာလားဟုပင် တွေးတောမိခဲ့၏။

သို့သော် ...

ခါတိုင်းတော့ သူဒီလိုတစ်ခါမှ လာမကြိုတတ်ပါဘူးဟုလည်း မခင်နွယ်သတိရမိနေလေသည်။

သူမ၏ ထိုသံသယမှာ အကြောင်းမဲ့ မဟုတ်ခဲ့ပါ။

ခဏအကြာ ...

ကျောင်းလွှတ်လိုက်ပြီးချင်းမှာပင်

ကိုမျိုးလွင် ရောက်လာသည်မှာ အိမ်စက်မေဆီ မဟုတ်မှန်း သိလိုက်ရပါလေ၏။

✸



သူမနှင့်တည့်တည့်လျှောက်လာသော ကိုမျိုးလွင်ကို ကြည့်နေရင်း မခင်နွယ်မှာ ဘာလုပ်ရမယ်မှန်းမသိ။

သူ့ကိုမြင်သည်နှင့် ကြောက်ရွံ့ကသာ စိတ်ထဲကြီးစိုးလာမိ၏။ သူကလည်း ကြောက်စရာဖြစ်ရပ်များနှင့် အမြဲဆက်စပ်နေတက်သူမဟုတ်လား။

ပဋိသန္ဓာရစကားပင် ယဉ်ကျေးမှုအရ မဆိုဖြစ်ခဲ့ဘဲ ရှိစဉ်မှာ ကိုမျိုးလွင်က အဆက်အစပ်မဲ့စကားကို ပြောလာခဲ့လေသည်။

"ဆရာမ ဒီည ဟိုအိမ်မှာ မအိပ်ပါနဲ့နော်"

မခင်နွယ် ကြောင်သွားမိ၏။

"ဘာ ဘာဖြစ်လို့လဲ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးလွင်က ခုနစကားကိုသာ ထပ်ပြောသည်။

"ဆရာမ ဒီည ဟိုအိမ်မှာ မအိပ်ပါနဲ့နော်"

"အကြောင်းတစ်ခုခုများ ရှိလို့လား"

"ဒီညတော့ ဆရာမ တခြားနေရာတစ်ခုခုမှာ သွားအိပ်လို့ရတယ် မဟုတ်လား၊ ဒီတစ်ညတည်းပါပဲ ဆရာမရယ်"

မခင်နွယ် ကျောင်းဝင်းထဲရှိ ဆရာများတန်းလျားကို သတိရလိုက်မိ၏။ နဂိုက သူမနှင့် အတူနေသူ ဆရာမလေးကလည်း ထိုနေရာသို့ပြောင်းရွှေ့သွားပြီ မဟုတ်လား။

သို့သော် အကြောင်းရင်းကိုသိချင်သဖြင့် မခင်နွယ် ထပ်ခါထပ်ခါ မေးမိသည်။

ကိုမျိုးလွင်ကလည်း ဒီတညတခြားမှာ ပြောင်းအိပ်ဖို့သာ အတင်းစွတ်ပြောနေလေ၏။

နောက်ဆုံး ဒီတစ်ညလေးတော့ တစ်ခြားနေရာမှာ သွားအိပ်လိုက်ပါမယ်လေဟု မခင်နွယ် ဆုံးဖြတ်မိခဲ့ခြင်းမှာ ထိုသို့ ကိုမျိုးလွင်၏ အကြိမ်ကြိမ်အဖန်ဖန် တိုက်တွန်းမှုကြောင့်ပင် ဖြစ်ပါလေတော့သည်။



[၁၃]

မခင်နွယ်အဖို့ လူထူးစ်ဦးတစ်ယောက်အား ခဏတာ တွေ့ကြုံဆက်ဆံရရုံနှင့် တစ်သက်စာ မှတ်မှတ် ထင်ထင် ဖြစ်သွားတာမျိုး ယခင်က မကြုံခဲ့မိဖူးပါ။

ယခုတော့ လူနှစ်ယောက်သည် ကာလတိုလေးအတွင်းမှာပင် ဘယ်တော့မှ မမေ့နိုင်အောင် ပြုလုပ်သွားနိုင်ခဲ့ပါလေ၏။

ပထမတစ်ယောက်က အိမ်စက်မေ။

ဒုတိယတစ်ယောက်ကတော့ ယင်း၏ ဖခင်ဖြစ်သော ကိုမျိုးလွင်ပဲ ဖြစ်လေသည်။ အထူးသဖြင့် ကိုမျိုးလွင်နှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှာ မခင်နွယ်အတွက် တစ်သက်တာ မမေ့ဖျောက်နိုင်စရာ အတွေ့အကြုံပင်ဖြစ်ပါလေတော့သည်။

✷

www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုးလွင် သေသွားပြီ"

ဟု အရင်ဆုံးစတင်၍ ကြားရသည်။ နောက်ထပ်ဆက်၍ ကြားရသည်မှာ ...

"မခင်နွယ်တို့ အိမ်ရှေ့ဖိနပ်ချွတ်ပေါ်တွင် သေဆုံးနေတာ"

တဲ့။ မခင်နွယ်တို့အိမ်ကလေးက ဖိနပ်ချွတ်သဖွယ်လေသာဆောင်ရှည်ရှည်ကလေးထုတ်ပြီး ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ညက မခင်နွယ်တို့နှစ်ယောက်စလုံး အိမ်မှာမရှိသည်မို့ အိမ်တံခါးမကြီးကို သော့ခတ်၍ထား၏။

ထိုတံခါးချပ်ရှေ့ ဖိနပ်ချွတ်ပေါ်တွင် ကိုမျိုးလွင်



တစ်ယောက် သေဆုံးနေခြင်းဖြစ်သည်။

မနေ့က ကျောင်းဆင်းချိန်တွင် ကိုမျိုးလွင် ရောက်လာပုံကို မခင်နွယ် ဖျပ်ကနဲ သတိရလိုက်မိ၏။

မခင်နွယ်အား ထိုညတစ်ညအတွက် ထိုအိမ်မှာ မအိပ်ဖို့ အတင်းဖွတ်ပြောနေသော ကိုမျိုးလွင်၏ အပြုအမူကိုလည်း တပါးတည်းအမှတ်ရမိသည်။

ဒါ အကြောင်းတစ်ခုခုများ ရှိနေသလား?

မခင်နွယ်ကိုကျတော့ တစ်ခြားသွားအိပ်စေပြီး သူက အဲဒီနေရာရောက်နေခြင်းကရော?

အခါတိုင်းပြုမူခဲ့သော ကိုမျိုးလွင်၏ အခြား အပြုအမူများအတိုင်း ယခုလည်း ဘာမှမရေရာ။

ကိုမျိုးလွင်သည် သေဆုံးသွားချိန်အထိ သူမအားပဟေဠိများစွာ ပေးစွမ်းချန်ထားရစ်ခဲ့သူ ဖြစ်လေသည်။

ဆရာဝန်ဆေးစစ်ချက်အရတော့ ကိုမျိုးလွင်မှာ နှလုံးသွေးရပ်ပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု အဖြေထွက်၏။

မခင်နွယ်ကတော့ ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်စက်မေတို့ရဲ့ ယခင်က အတန်းပိုင်ဆရာ…
အတိုင်းပါပဲလားဟု အမှတ်ရနေမိလေတော့သည်။



[၁၄]

အမှုလိုက်အရာရှိ ကိုလှရွှေမှာ ဆရာနှင့် ကိုမျိုးလွင်တို့ ရုတ်တရက် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြသော အိမ်စွများအား စုံစမ်းရန် ရောက်ရှိလာခြင်းဖြစ်၏။

သူ၏ တာဝန်ဝတ္တရားအတိုင်း လူအတော်များများအား တွေ့ဆုံမေးမြန်းခဲ့လေသည်။

မခင်နွယ်နှင့် တွေ့ဖြစ်သည့်အခါကျတော့ သူမ ဆိုတိစွအပေါ် အရမ်းထိတ်လန့်နေမှန်းသိသဖြင့် ကိုလှရွှေ က ပြောပြဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သေချာ စုံစမ်းပြီးပါပြီ၊ ဒီကိစ္စဟာ သာမန် သွေးရိုးသားရိုး သေဆုံးသွားကြတာတွေ ပါပဲ"

"ဒါဆို ကိုမျိုးလွင်က ဘာလို့ ကျွန်မအိမ်ရှေ့မှာ လာသေနေရတာလဲ"

"အကြောင်းတစ်ခုခုကြောင့် သူ မခင်နွယ်တို့အိမ်ရှေ့ ရောက်လာရင်း သေသွားရတာဖြစ်မှာပေါ့"

"မဟုတ်ဘူးနော်၊ ကျွန်မသေချာစုံစမ်းပြီးပြီ၊ သူက အဲဒီမတိုင်ခင်ညတုန်းက သူ့သမီးလေး အိမ်စက်မကိုတောင် ဘေးကအိမ်နီးချင်းအိမ်မှာ သွားသိပ်ထားခဲ့တာတဲ့၊ အဲဒီညမှာ ကျွန်မတို့အိမ်ရှေ့ လာအိပ်ဖို့ သူကြိုပြီးစီစဉ်ထားခဲ့တာ၊ တနည်းအားဖြင့်ပြောရရင် သူသေမယ့်နေရာကို တမင်လာအိပ်ခဲ့တာပေါ့လေ"

"အဲလိုတော့လည်း အသေချာကြီးပြောလို့ မရပါဘူးဗျာ၊ ညကသူတခြားနေရာသွားနေပြီး မနက်လင်းတော့မှ ခင်ဗျားတို့အိမ်ရှေ့ ရောက်လာရင်း



မတော်တဆသေသွားရတာလည်း ဖြစ်နိုင်တာပဲ"

"အင်းလေ၊ အဲဒီမတော်တဆကိုပဲ ကျွန်မ သိချင်နေတာပေါ့"

ပြောရင်းနှင့်မှ မခင်နွယ်အသံက တိမ်ဝင်၍ သွားသည်။ ထိုလူနှစ်ယောက်သေဆုံးရခြင်း၏ နောက်ကွယ်တွင် ကြောက်မက်ဖွယ်တစ်စုံတစ်ရာရှိကို ရှိနေလိမ့်မည်ဟု သူမ ထင်မြင်နေမိ၏။

"ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မတော်တဆပါပဲဗျာ၊ သူတို့မှာ နဂိုတည်းက နှလုံးရောဂါအခံတွေ ရှိကြလို့နေမှာပေါ့"

"အဲဒါက ဒီလောက်သန်သန်စွမ်းစွမ်းလူကြီး နှစ်ယောက်ကို ရုတ်တရက်ကြီး ခေါက်ခနဲ လဲသေသွားအောင် စွမ်းနိုင်သတဲ့လား"

ကိုလှရွှေက မသိနားမလည်သော ကလေး တစ်ယောက်ကိုမြင်နေရသလို တစ်ချက်ပြုံးသည်။

"ပထမ သေသွားတဲ့ ဆရာကိုတော့ ကျွန်တော် မတွေ့လိုက်ရဘူးဗျာ၊ အခု ကိုမျိုးလွင် အလောင်း

www.burmeseclassic.com

www.burmeseclassic.com

ကို ကြည့်ရတာတော့ ခပ်ပိန်ပိန်ရယ်ပါပဲ၊ ညှင်းသိုးသိုးခြောက်ခြောက်ကပ်ကပ်ရယ်ပါ''

''ဒါပေမယ့် ရုတ်တရက်သေသွားရလောက်တဲ့ ပုံတော့ သူမှာ မရှိဘူးနော်၊ အဲဒီနေ့ မတိုင်ခင်က လေးတင် ကျွန်မနဲ့ စကားပြောခဲ့တာ''

ကိုလှရွှေက မခင်နွယ်အား ပြုံးကြည့်ရင်း အနည်းငယ်ကိုင်းတိုးကပ်လိုက်သည်။

''ဒါဆို ဆရာမက ဘယ်လိုထင်လို့လဲ၊ သူတို့ သေသွားရတဲ့ ကိစ္စတွေမှာ ဘာသံသယဝင်စရာများ သိထားသလဲ''

ထိုမေးခွန်းထွက်ပေါ်လာသည်နှင့်ပင် မခင်နွယ်မှာ သူမတွေ့ကြုံခဲ့ရသမျှ တတွတ်တွတ်ပြောလေတော့သည်။

အိမ်စက်မေလေး အကြောင်းမှစကာ ယင်းရေးဆွဲထားခဲ့သော ကြောက်စရာပန်းချီပုံ၊ ဆရာသေသွားသော အကြောင်းများ။ ယင်းတို့အိမ် မခင်နွယ် လိုက်သွားဖြစ်ပုံနှင့် ခွေးအူသံတွေကြားရသော ကြောက်စရာည။

ထို့နောက် အိမ်ရှေ့ရောက်နေသော အခေါင်း တစ်



ခုနှင့် ကိုမျိုးလွင်။ သူမကျောင်းသို့လိုက်လာပြီး ကိုမျိုးလွင်က ထိုည အိမ်မှာ 'မအိပ်ဖို့ပြောပုံများ ... စသည်ဖြင့် တစ်ခုမှ မကြွင်းကျန်စေခဲ့။

တာဝန်ရှိသူတစ်ယောက်မို့ ပြောပြဖြစ်ခြင်း ဖြစ်သလို စိတ်ရှည်သဘောကောင်းဟန် အသွင်ကြောင့်လည်း ကိုလှရွှေကို မြင်မြင်ချင်း သူမအားကိုး သွားမိရခြင်း ဖြစ်ပါသည်။

သူမပြောသမျှအား တလေးတနက် နားထောင်အပြီး ကိုလှရွှေက သက်ပြင်းတစ်ချက်ကို ရှည်ရှည်လျားလျား ချသည်။

''စိတ်ဝင်စားစရာတော့ အတော်ကောင်းပါတယ်၊ ဒါပေမယ့် သိပ်ပြီး စိတ်စွဲမထားပါနဲ့လား ဆရာမရယ်၊ တော်ကြာ ဥပါယ်ဒါန်ကြောင့် ဥပါဒ်ဖြစ်နေပါဦးမယ်၊ ဘာပဲဖြစ်ဖြစ် ဒါတွေဟာ သမရိုးကျ တိုက်ဆိုင်မှုတွေလည်း ဖြစ်နိုင်တာပဲ''

သူမဒီလောက်ပြောသော်လည်း နည်းနည်းမှ ယုံကြည်ခြင်းမရှိသည်မို့ မခင်နွယ်မှာ ကျွဲမြီးတိုချင် သလို

www.burmeseclassic.com



ပင် ဖြစ်သွားမိခဲ့၏။

"ရှင် ဘာသိလို့လဲ၊ ကျွန်မက အလကားနေ တွေးကြောက်နေတာ မဟုတ်ဘူးရှင့်၊ ရွာထဲမှာဆို အဲကိစ္စကြောင့် အတော်ဆူဆူပွက်ပွက် ဖြစ်နေကြတာ သိရဲ့လား"

"အင်းလေ အဲဒါကြောင့်လည်း ကျွန်တော်လာခဲ့တာပေါ့၊ ဘာမှ မပူပါနဲ့ မကြာခင်အားလုံး အေးအေးဆေးဆေးဖြစ်သွားမှာပါဗျာ"

"အဲဒီလိုဖြစ်လာရင်တော့ အကောင်းဆုံးပေါ့ရှင်"

သို့သော် ...

အခြေအနေတို့သည် ကိုလှရွှေမျှော်လင့်သလောက် မလွယ်ကူမှန်း သူတို့မကြာခင်မှာပင် တွေ့ရှိခဲ့ရပါလေ၏။



[၁၅]

အကြောက်တရားသည် ရွာသူရွာသားများအား ထိန်းချုပ်၍ မရလောက်အောင်ပင် ဖြစ်စေခဲ့၏။

ရွာထဲမှာ မကောင်းဆိုးရွားဝင်နေပြီဆိုပြီး ထင်မိထင်ရာတွေ လျှောက်လုပ်နေကြ၏။

ပရိတ်ရွတ်တာမျိုး၊ ခေါပစ်တာမျိုးလောက်ကတော့ မခင်နွယ်တို့ လက်ခံနိုင်ပါသေးသည်။

တစ်ရွာလုံး သံပုံးသံခွက်တွေတီးပြီး တောထုတ်တာမျိုးလည်း လုပ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ...

အိမ်စက်မေလေးကိုပါ ရှာပြင်ထုတ်ထားမှ ဖြစ်မည်ဟု ပြောလာကြသည့်အခါမှာတော့ မခင်နွယ်ကိုယ်တိုင်ပင် မခံမရပ်နိုင် ဖြစ်ခဲ့ရပါလေ၏။

ယခုအခါ အိမ်စက်မေလေးကို သူမက အိမ်ခေါ်ထားဖြစ်ခဲ့ခြင်းဖြစ်၏။

အိမ်စက်မေကို ထိလို့ကတော့ လုံးဝမခံဘူးဟု မခင်နွယ်က ကြွေးကြော်သည်။

ကိုလှရွှေကတော့ အားလုံးကို အတက်နိုင်ဆုံး လိုက်လံ ဖျောင်းဖျရသည်ပေါ့။

✸



တကယ်တော့ ...

ရှာသားတွေအဖို့ သွေးပျက်မည်ဆိုလျှင်လည်း ပျက်လောက်စရာပင်။

ခြောက်ခြားစရာဖြစ်ရပ်များစွာသည် တစ်ခုပြီး တစ်ခု ဆင့်ကာ ဆင့်ကာ ဖြစ်ပျက်၍လာကြချေ၏။

ညဘက် ခွေးတွေ အူကြသည်မှာ ကြားဝံ့စရာပင် မရှိတော့။

ကလေးတွေ အတော်များများ ဖျားနာကုန်ကြ၏။ ညသန်းခေါင်တိတိ အချိန်တိုင်းတွင် ဘယ်ကရောက်လာမှန်းမသိသော အပုတ်နံ့ဆိုးဆိုးကြီးတစ်ခုကလည်း လှိုင်၍လာတတ်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကလည်း အသံနက်ကြီးနှင့် ရယ်သော အသံတစ်ခုကို ကြားမိတတ်ကြသည်။

တစ်ချို့ကျတော့လည်း ညအမှောင်ထဲ၌ လျှောက်သွားနေသော အဝါရောင်ဝတ်စုံနှင့် မိန်းမတစ်ယောက် သဏ္ဌာန်ကို မြင်မိတတ်သည်ဆို၏။

ထိုကဲ့သို့သော သူမျိုးမှာတော့ ကုသိုလ်ကံအဆိုးဆုံးပင်ဖြစ်လေသည်။

အဝါရောင်မိန်း[illegible]

နောက်တစ်နေ့မှာ မျာ[illegible]များ၊ ဒါမှမဟုတ[illegible] ထိခိုက်ဒဏ်ရာကြီးဂြ[illegible]း တစ်ခုခုကို ရရှိတတ်ကြလေ၏။

မခင်နွယ်နှင့် [illegible]တို့အဖို့လည်း ရွာသူရွာသားများအား ကိုယ်ချင်း[illegible]နိုင်စရာ ကိစ္စတစ်ခုကို မကြာမီမှာပင် ကြုံတွေ့ခဲ့ကြရလေတော့သည်။



[၁၆]

ကိုလှရွှေနှင့် မခင်နွယ်တို့[illegible]ရသော ခြောက်ခြားစရာဖြစ်ရပ်တို့မှာ ရေဒီယိုတစ်လုံး[illegible]တ်သက်ဆက်နွယ်၍ နေခဲ့ပါလေ၏။

ယခုအခါ သူတို့နှစ်ယောက်မှာ အတော်ပင် ရင်းနှီးကျွမ်းဝင်လာခဲ့ကြလေပြီ။

ကိုလှရွှေက မခင်နွယ်၏ အိမ်သို့ မကြာမကြာ သာရောက်လည်ပတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် မခင်နွယ်တို့အိမ်မှာ ကိုလှရွှေ ရောက်နေခိုက် သတင်းနားထောင်ရန်အတွက် မခင်နွယ်က ရေဒီယို ထဖွင့်ခဲ့၏။

ရုတ်တရက် ရေဒီယိုက ဖမ်း၍မရ။

"လိုင်းချိန်တဲ့ ခလုတ်ကိုတိုက်မိထားလို့နဲ့ တူတယ်"

ဟု မခင်နွယ်က ရေရွတ်ကာ ရေဒီယိုကို လိုင်း ပြန်ချိန်၏။

သို့သော် ...

တစ်နေရာအရောက်၌ ကျွီခနဲ ကျယ်ကျယ်လောင် လောင်ပေါ်ထွက်လာသည့် အသံစူးစူးကြောင့် မခင်နွယ်မှာ ကိုယ့်နားကိုယ်ပင် အလျှင်အမြန်ပိတ်လိုက် ရလေတော့ သည်။

ယောင်ယမ်းကာ ရေဒီယို ခလုတ်များကို လျှောက် နှိပ်ဖြစ်ခဲ့၏။

ကက်ဆက်နှင့် တွဲထားသော ရေဒီယိုစက်ကလေး မို့ အသံဖမ်းခလုတ်ကို သူမသွားနှိပ်မိသဖြင့် ပေါ်ထွက်နေ



သော အသံစူးစူးက မရပ်တန့်သွားခဲ့။

အနီးရှိ ကိုလှရွှေက ထလာပြီး ပါဝါခလုတ်ကို ပိတ်လိုက်မှသာ ရေဒီယိုလုံးဝပိတ်ပြီး အသံပျောက်သွား လေတော့သည်။

မခင်နွယ်မှာ နားဆူတာရော၊ ရင်တုန်ပန်းတုန် ဖြစ်သွားတာရောနှင့် အတန်ကြာ သူမရင်ဘတ်လေး သူမ ဖိထားရသေးသည်။

"ဘာသံကြီးမှန်းလည်း မသိဘူး၊ သိပ်ဆိုးတာပဲ နော်"

"ရေဒီယိုလိုင်းမမိလို့ ဖြစ်တတ်တဲ့ အသံပါဗျာ"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့်ကြားရ တာက လူသံလိုမျိုးကြီးပဲနော်၊ တစ်မျိုးကြီးပဲ"

မခင်နွယ်၏ မှတ်ချက်စကားကြောင့် ကိုလှရွှေပင် တစ်မျိုးဖြစ်သွားရ၏။

သူလည်း ခုနက ထူးခြားသော ထိုအသံကို ကြား လိုက်ရသည်ပဲ။

အသံကို တိုး၍ ရေဒီယိုကို ပြန်ဖွင့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတခါကျတော့ ရေဒီယိုကလိုင်းမိကာ သီချင်းသံများကိုပင် ထုတ်လွှင့်နေလေ၏။

ဒီလို ကိစ္စကို အမြဲငြင်းနေကျဖြစ်သော ကိုလှရွှေကပင် ...

"တစ်မျိုးပဲနော် ထူးဆန်းလိုက်တာ"

ဟု ရေရွတ်ဖြစ်ခဲ့၏။

"ဟုတ်တယ် ခုနကလည်း အဲဒီနေရာမှာပဲ လိုင်းချိန်ထားရက်နဲ့ ဘာလို့ ဟိုအသံကြီးထွက်လာရတာလဲ မသိဘူး"

ကိုလှရွှေ၏ မျက်လုံးများတွင် တစ်စုံတစ်ရာအား သတိရသွားဟန် အရိပ်အယောင် ဖြစ်ပေါ်၍သွား၏။

"ခုနက မခင်နွယ် အသံဖမ်းခလုတ်ကို ယောင်ပြီး နှိပ်လိုက်မိတယ် မဟုတ်လား"

"ဟုတ်လား ကျွန်မ မသိဘူး"

မခင်နွယ်အားလှည့်ပြောရာမှ ကိုလှရွှေပြန်လှည့်၍သွားသည်။

"စက်ထဲမှာ အခွေလည်းအသင့် ရှိတယ်ဗျ၊ ဘာ



များ အသံဖမ်းလိုက်မိသလဲ မသိဘူး၊ ပြန်ဖွင့်ကြည့်ရအောင်"

ပြောပြောဆိုဆို ကက်ဆက်ခလုတ်ကို နောက်သို့ အနည်းငယ်ပြန်ရစ်ပြီး ဖွင့်လိုက်သည်။

တရှဲရှဲမြည်သံများနှင့်အတူ ခုနကြားရသော အသံစူးစူးကြီးကို ကြားရပြန်၏။

မခင်နွယ်က မခံနိုင်စွာ နားနှစ်ဘက်ကို လက်ဖြင့် အုပ်သည်။

ကိုလှရွှေမှာ မျက်တောင်တစ်ဖျက်ဖျက်ခပ်လျက် အသံကို သည်းသည်းကွဲကွဲ ကြားရအောင် အသေအချာ နားစိုက်ထောင်၏။

ထို့နောက် ကက်ဆက်ပေါ်မှ ခလုတ်ကလေး တစ်ခုကို သူမြင်သွားသည်။

"ဟာ ဒီကက်ဆက်က Long Play (အနှေးရစ်) ခလုတ် ပါတာပဲ"

တဆက်တည်းပင် Long Play (အနှေးရစ်) ခလုတ်ကို ပြောင်းကာ ကက်ဆက်ကို အနည်းပြန်ရစ်၍

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖွင့်လေသည်။

တိတ်ဆိတ်စွာ

အတော်ကြာကြာ စောင့်နေရပြီးမှ

အသံတစ်သံက တဖြည်းဖြည်းခြင်း ထွက်ပေါ်၍ လာသည်။

ကြားလိုက်ရခြင်းမှာပင် ရင်တွေဒိန်းခနဲ ဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ဖူတ်ခနဲ ကြည့်မိကြ၏။

ကက်ဆက်မှ

ပေါ်ထွက်လာသော အသံကြီးမှာ ...

လူတစ်ယောက်အသံ ပီပီသသဖြင့်

"ဟီးဟီး ... ဟီးဟီး"

ဟူသော ရယ်သံနက်ကြီး ဖြစ်နေလေတော့သည်။



[၁၇]

နောင်တစ်ချိန် ပြန်စဉ်းစားတိုင်း၌ ကိုလှရွှေသည် ထိုနေ့က ပြောဖြစ်သည်များအတွက် ကိုယ့်ကိုကိုယ် ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ရပါလေ၏။

သူက ...

မခင်နွယ်ကို ခွေးအူသံသချိုင်းအကြောင်း ပြောပြဖြစ်ခဲ့၏။

ပြီးတော့ အိမ်စက်မေလေး၏ မိဘနှစ်ပါးဖြစ်သော ကိုမျိုးလွင်နှင့် ခင်စက်မေတို့၏ အကြောင်းများ။

နောက်ဆုံး ကိုလှရွှေက မှတ်ချက်ပင်ချခဲ့လိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



“အင်း၊ ဒီအဖြစ်တွေဟာ ခွေးအူသံသချိုင်းက စခဲ့တာဆိုတော့ အဲဒီခွေးအူသံသချိုင်းမှာပဲ အဆုံးသတ် နိုင်လိမ့်မယ်ပဲ တူပါရဲ့”

ထိုအတွက် မခင်နွယ်၏ တုန့်ပြန်စကားကတော့ သူ လုံးဝ မျှော်လင့်မထားသောအရာ ဖြစ်နေခဲ့လေသည်။

“ဒါဆိုရင် အဲဒီခွေးအူသံသချိုင်းကို ကျွန်မ လိုက်သွားမှပဲနဲ့ တူတယ်”

“ဟင် မခင်နွယ်က လိုက်သွားမလို့ ဟုတ်လား”

“ကျွန်မ တစ်ယောက်ထဲတော့ မဟုတ်ပါဘူး၊ သမီးလေး အိမ်စက်မေနဲ့ အတူသွားမှာပါ၊ ဒါဟာ သူနဲ့ နက်နက်ရှိုင်းရှိုင်းကို ပတ်သက်နေတယ်လေ”

ကိုလှရွှေ အစိုးရိမ်ကြီးစွာ ခေါင်းကို ခပ်မြန်မြန် ယမ်းခါမိ၏။

“ဟင့်အင်း ဟင့်အင်း၊ မခင်နွယ်သွားလို့ ဘယ်ဖြစ်မလဲ၊ ဒီလောက် အန္တရာယ်များတဲ့ နေရာကို၊ မသွားရဘူးနော် မသွားရဘူး”



မခင်နွယ်ကတော့ ဘာမှပြန်မပြောတော့ပဲ ပြုံး၍သာနေသည်။ ကိုလှရွှေကပင် ဆက်၍ ...

“မသွားပါနဲ့ မခင်နွယ်ရယ်နော်”

ဟု ထပ်ပြောမိလေ၏။

မခင်နွယ်က ဘာမှ တုန့်ပြန်တော့။

သူမရင်ထဲမှာတော့ အသေအချာဆုံးဖြစ်ပြီး သားဖြစ်နေခဲ့လေပြီ။

ရာမ”

www.burmeseclassic.com

www.burmeseclassic.com



[၁၈]

ကားကြီးက တရွေ့ရွေ့ဝေး၍ သွားလေပြီ။

အပြေးလိုက်လာသော်လည်း မမီလိုက်သော ... ရွှေမှာ ချွေးတို့ဖြင့် မကြည်မလင်ဖြစ်နေသော ... န်းတို့ဖြင့် ကားထဲပါသွားသူများကို တက်နိုင်သ လောက်လှမ်းမျှော်ကြည့်မိ၏။

မခင်နွယ်တို့ကိုတော့ မမြင်ရ။

ချွေးအုယ် သချိုင်းရှိရာ မြို့သို့သွားမည့် ထိုကားနှင့် ပါသွားတာမဟုတ်ပဲ တခြားတစ်နေရာသို့ သွားနေတာသာ ဖြစ်ပါစေဟု သူဆုတောင်းမိ၏။

✸



သို့သော် သူ့ဆုတောင်း မပြည့်ခဲ့ပါချေ။

လမ်းပေါ်တွင် ရပ်ကျန်နေရစ်ခဲ့သော ကိုလှရွှေဆီ လည်ပြန်ငေးကြည့်ရင်းမှ အိမ်စက်မေက မခင်နွယ်ဘက် ပြန်လှည့်ကာမေး၏။

"သမီးတို့ဘယ်သွားနေတာလဲဟင် ဆရာမ"

"ပြဿနာတွေ ဖြေရှင်းနိုင်မယ့် နေရာဆီကို ပေါ့ကွယ်"

"အဲဒါ ဘာပြောတာလဲဟင်"

"ဟိုရောက်တော့ သမီး သိမှာပေါ့ကွယ်၊ တကယ် လို့ ဆရာမတွက်ဆမိတဲ့အတိုင်း ဖြစ်ခဲ့မယ်ဆိုရင် တော့ ဒီကိစ္စဟာ သမီးနဲ့လုံးဝသက်ဆိုင်ပြီး သမီး ဖြေရှင်းလို့လည်းရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်စက်မေး...မှာခေါင်းလေးကုတ်ကာ မျက်လုံး အဝိုင်းသားနှင့် နားမလည်နိုင်သေးသော်လည်း ဘာမှ ဆက်မမေးတော့။

လမ်းဘေးဝဲယာ ရှုခင်းများကို ငေးကြည့်နေပြီး ကလေးပီပီ ခရီးထွက်ရသည်ကို တစ်စစ ပျော်ရွှင်လာလေတော့သည်။

သူမ၏ အပျော်သည့် မခင်နွယ်ကို ကူးစက်ကာ မခင်နွယ်ပင် ကြည်နူးစိတ်ကလေး ဝင်လာတော့၏။

သို့သော် ထိုကြည်နူးမှုလေးမှာ တာရှည်မခံခဲ့ရပါချေ။

✸



ပထမဆုံးစတင်တွေ့ရသော အနှောင့်အယှက် မှာ အရူးကြီးတစ်ယောက်ဖြစ်၏။

ကားလမ်းပေါ် ရုတ်တရက်တက်ကာ ထိုအရူးကြီးက ပိတ်တားလိုက်သည့်အတွက် ကားကရုတ်တရက် ရပ်...နဲ့ လိုက်ရလေသည်။

လူတွေအားလုံး ‘ဟာ’ နဲ့ ဖြစ်သွားကြ၏။

“တော်သေးတယ်၊ ကံကောင်းလို့၊ တိုက်မိတော့မလို့”

ဟူသော အသံများပေါ်လာကြ၏။

တချို့က စုပ်သပ်ညည်းငြူကြပြီး တစ်ချို့က ...ည်း ဆဲဆိုရေရွတ်ကြလေသည်။

အရူးကြီးကတော့ ခပ်တည်တည်ပင် ကားဘေး ...ဝတ်လျှောက်လာလေ၏။

မခင်နွယ်တို့ထိုင်နေရာ ပြတင်းနံဘေး ရောက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ လက်ညှိုးခေါက်ထိုးလျှက် ပြောဆိုလေတော့သည်။

ပြတင်းမှန်ချပ်ကခြားထားသဖြင့် ဘာတွေရေရွတ်နေမှန်း မသိရ။

ထိုအရှုးကြီး၏ မျက်လုံးစိမ်းစိမ်းကြီးက ကြောက်စရာကောင်းသဖြင့် မခင်နွယ်ပင် အသည်း အေးသွားမိခဲ့၏။

အိမ်စက်မေလေးက ဆိုလျှင် -

"ဟင် အရှုးကြီးကလည်း ဘာကြီးမှန်းလည်း မသိဘူး ကြောက်စရာကြီး"

ဟု ဆိုကာ ငိုမဲ့မဲ့လေး ဖြစ်လာခဲ့၏။

တော်ပါသေးသည်။

ထိုစဉ်မှာပင် ကားက ဆက်လက်မောင်းထွက်လာခဲ့သဖြင့် အရှုးကြီးမှာ လက်ညှိုးတစ်ထိုးထိုး ရေရွတ်နေလျှက်သားမှ လမ်းပေါ်ဒီအတိုင်း ရပ်ကျန်ခဲ့ရလေတော့၏။

✷



မခင်နွယ်အဖို့တော့ ထိုကိစ္စပြီးကတည်းကပင် စိတ်ထဲ လေးလေးလံလံဖြစ်သွားခဲ့ရ၏။

ရှေ့ဆက် ဘာများဖြစ်လာလိမ့်မလဲဟု တထင့်ထင့် ဖြစ်လာမိခဲ့၏။

သိပ်များမကြာမီမှာပင် သူမစိတ်ထင့်သည့်အတိုင်း တစ်ခုပြီးတစ်ခု ဖြစ်လာလေတော့သည်။

✷

www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး

ကားစက် စ၍ ပျက်သည်။

ခရီးသည်တွေ လမ်းဘေးဆင်းပေးကြပြီး ကားသမားတွေက ပြင်ကြသည်ပေါ့။

တော်တော်ကြာမှ ပြင်၍ပြီးသွားပြီး ခရီးဆက်နိုင်လေတော့သည်။

သို့သော် သိပ်မကြာ။

ကားဘီးတစ်ခု ထပေါက်ပြန်လေသည်။

ကားဘီးပြန်လဲတပ်ရသည့်အတွက် အချိန်ကုန်သွားရပြန်၏။



ထိုမှ ဆက်သွားရပြန်တော့လည်း

ဘရိတ်ကြောင်သွားပြန်၏။

ထိုသို့ တစ်ခုပြီးတစ်ခုဖြစ်လာလိုက်သည်မှာ တစ်လမ်းလုံးပင်။

ခရီးကအတော် ဖင့်၍သွား၏။

အတော်လေးမှောင်စပျိုးမှ မခင်နွယ်တို့သွားလိုသော မြို့နှင့် မလှမ်းမကမ်းသို့ ရောက်လာနိုင်ခဲ့လေသည်။

ထိုနေရာတွင် ကားက ထပ်ကာ ပျက်ပြန်၏။

သည်းမခံနိုင်တော့သော ခရီးသည်တွေက တစ်ယောက်တစ်ပေါက် ရေရွတ်ကြသည်။

တစ်ချို့ကဆိုလျှင် ထင်မိထင်ရာ ပြောဖြစ်ကြ၏။

"ကြည့်ရတာ တို့ကားပေါ်မှာ ကံသိပ်နိမ့်နေတဲ့သူ
တစ်ယောက်ယောက်တော့ ပါလာပြီးနဲ့ တူတယ်၊
ဒါကြောင့် ကားကဒီလောက် ခဏ ခဏ ဗွေ
ဖောက်နေတာနေမှာ"

ထိုသို့စကား ကြားအပြီးတွင်

(သွားလိုသော နေရာနှင့်လည်း သိပ်မဝေးတော့

www.burmeseclassic.com



ပြီမို့)

မခင်နွယ်မှာ အိမ်စက်မေ၏ လက်ကိုဆွဲ၍ ကား ပေါ်မှ ဆင်းကာ လှမ်းလျှောက်ခရီးဆက်ဖြစ်ခဲ့လေတော့ သည်။

ဇာတ်သိမ်း



[၂၉]

တစ်ခါမှ မရောက်ဖူးသော်လည်း ...

ဒီနေရာမှာ ခွေးအူသံသချိုင်းနှင့် နီးလာခဲ့ပြီမှန်း သိ၏။

ကြံရွယ်ထားသည့်အချိန်မှာ မရောက်ပဲ အရမ်း မှောင်မှ ရောက်လာနိုင်ခဲ့သည့်အတွက်တော့ မခင်နွယ်မှာ စိတ်မချမ်းမသာ ဖြစ်ခဲ့မိရလေသည်။

အိမ်စက်မေလေး၏ လက်ကို ခပ်တင်းတင်းဆွဲ ကာ ရှေ့တူရှုသို့ ဆက်လျှောက်လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်မှ တတွက်တွက်နှင့် အိမ်စက်မေလေးကို လည်း အားပေးရသည်။

"ဘာမှ မကြောက်နဲ့နော် သမီးလေး၊ မကြာခင် အားလုံးပြီးသွားတော့မှာ"

"ဒီကို ဘာလာလုပ်တာလဲဟင် ဆရာမ"

"ပစ္စည်းလေးတစ်ခု လာရှာတာပါ သမီးရယ်"

အမှောင်က နက်ရှိုင်းသည်ထက် နက်ရှိုင်းလာသည်။

ခွေးအူသံသချိုင်း၏ နယ်နမိတ်ထဲသို့ ဝင်ရောက်လာခဲ့ပြီလို့တော့ ထင်မိ၏။

သို့သော် ကိုလှရွှေပြောပြထားသည့် အချက်အလက်များနှင့် တခြားစီဖြစ်နေ၏။

သချိုင်းစည်းရိုးလေး တစ်စွန်းတစ်စကိုမျှ မမြင်ရ။

နှစ်တွေကြာသွားလို့ပဲ အနေအထားတွေ ပြောင်းလဲသွားပြီများလား မပြောတတ်ပါချေ။

အိမ်စက်မေလေးကိုတော့ ချီးကျူးရပေမည်။

အစကသာ ဟိုမေးဒီမြန်းလုပ်ခဲ့သော်လည်း ယခု



လိုက်ချတော့ သိပ်ကြောက်လန့်ပုံမပြ။ သူမကပင် မခင်နှယ် ထက် ခြေလှမ်းသွက်နေချင်သေး၏။

လမ်းဆက်လျှောက်ပြီး များမကြာမီမှာပင် ...

ခွေးအူသံများကို ဟိုမှဒီမှ တစ်စစ ကြားလာရလေသည်။

တဖြည်းဖြည်း ခွေးအူသံတွေက စီစီညံညံဖြစ်လာခဲ့၏။

ဒါကြောင့်လည်း ဒီသချိုင်းကို ခွေးအူသံသချိုင်းလို့ ခေါ်ကြတာ ထင်ပါရဲ့။

တတ်နိုင်သမျှ မကြောက်မိအောင် ကိုယ့်ကိုကိုယ် အတတ်နိုင်ဆုံး စိတ်သွင်းသည်။ ရှေ့တူရူမှလွဲ၍ ဘယ်မှ မကြည့်မိအောင်လဲ မျက်စိကို အားတင်း ထိန်းချုပ်ထားခဲ့လေသည်။

သို့သော် ရှေ့တည့်တည့်မှမြင်နေရသော မြင်ကွင်းတွေကပင် စိတ်ကို သတိလက်လွတ်ခြောက်ခြားသွားအောင် ပြုနေလေ၏။

ညအချိန်မို့ ချုံပုတ်တွေ၊ သစ်ပင်တွေကို မြင်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ မည်းမည်း၊ မည်းမည်းနှင့် မကောင်းဆိုးရွားကြီးတွေ ရပ်တည်နေကြသည့်နယ် ထင်ရ၏။

လေအဟုန့်တွင် ထိုအပင်၊ ချုံပုတ်တွေ လှုပ်ခတ်သွားသည့်အခါ မကောင်းဆိုးရွားကြီးတွေ လှုပ်ရှားလာသည့်နယ် တုန်လှုပ်သွားမိ၏။

အံကိုတင်းတင်းကြိတ်၍ ကိုယ့်ကိုကိုယ် စိတ်ထဲ အကြိမ်ကြိမ်ပြောသည်။

"မကြောက်ရဘူး၊ ငါကြောက်လို့ လုံးဝမဖြစ်ဘူးနော်"

လျှောက်လာရင်း ခရီးသာအတော်တွင်လာခဲ့သော်လည်း သူမမျှော်လင့်သည့် အရာကိုမတွေ့ရ။

အုပ်ဂူတွေအများကြီးကိုတော့ ကျော်ဖြတ်လာခဲ့ရပြီး ဖြစ်လေသည်။

တစ်ချို့လည်း ပြိုပျက်လျှက်။

တစ်ချို့က နေရာတကျ မတည်ဆောက်ထားသည့်အတွက် သူမတို့ပင် ဝင်တိုက်မိတော့မလိုဖြစ်သွားရလေသည်။



ခပ်သွက်သွက်ဖြင့်

အရှုံးတစ်ယောက်လို အုပ်ဂူတွေကြား အပြေးတပိုင်းလျှောက်ရင်း ပါးစပ်ကပင် တီးတိုးရေရွတ်မိသည်။

"အဝါရောင်၊ အဝါရောင်အုပ်ဂူကြီး ဘယ်မှာလဲဟင်"

ခြောက်ခြားဖွယ်အမှောင်ယံတွင် မှုန်နောက်မတတ်ရှာပါသော်လည်း ထိုအုပ်ဂူဝါကြီးကိုတော့ လုံးဝ မတွေ့ရ။

သမီးလေး အိမ်စက်မေကပင်

"မပြန်သေးဘူးလား ဆရာမ"

ဟု ပြောလာခဲ့လေ၏။

"သမီးမေမေရဲ့ အုပ်ဂူကို သမီးသိလား ဟင်"

ဟု မေးမိတော့ ကလေးမလေးက ခေါင်းခါသည်။

ဟုတ်သားပဲ။

သူ ငယ်ငယ်လေးတုန်းကဆိုတော့ ဒီကလေးလေးဘယ်သိမှာလဲလေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မျက်စောင်းထိုးတစ်နေရာမှ အလင်းရောင်လေးတစ်ချက်ကို မြင်လိုက်မိသဖြင့် အားတက်ကာ ထိုနေရာဆီ ဖဲ့ဆင်းသွားလိုက်သည်။

သို့သော် အမြင်သာနီး၍ ခရီးက ဝေးနေပြန်၏။

အနီးပတ်ဝန်းကျင်မှာ အုပ်ဂူတွေမရှိတော့။

သင်္ချိုင်းထဲမှာ ပဲလား?

တစ်ခြားတစ်နေရာ ရောက်လာပြီလား?

မသိရ။ လမ်း ကတော့ တောနက်ကြီးတစ်ခုထဲ ဝင်သွားရသလို ဖြ ခဲ့သည်။

ထိုစဉ်မှာပင် ...

ရုတ်တရက် တစ်စုံတစ်ခုက ဆောင့်ဆွဲလိုက်သလို ခံလိုက်ရပြီး ...

လက်ထဲကိုင်ထားသည့် အိမ်စက်မီးလေး၏ လက်တစ်ဖက်မှာ လွတ်ထွက်သွားလေတော့သည်။

နဂိုက ကိုယ့်အနီးဝန်းကျင်ကိုတော့ မြင်နေရသေးသော်လည်း ...

ယခုမှ ချက်ချင်းကြီး အမိုက်တိုက်ထဲ ရောက်သွား



သလို ဘာဆိုဘာကိုမှ မမြင်နိုင်တော့။

ကိုယ့်လက်တွေပင် ကိုယ်မမြင်နိုင်အောင် ဖြစ်သွားရစဉ်မှာပင် ...

ခြေလေးငါးလှမ်းခန့် ဆက်လှမ်းမိစဉ်၌

နွံတောလို မြေပျော့ထဲသို့ ခန္ဓာကိုယ်တစ်ခုလုံး ရုတ်တရက် ကျွံဝင်သွားလေတော့သည်။

ဇောချွေးတွေ ချက်ချင်းပျံထွက်သွားမိ၏။

ခါးလည်လောက်အထိ နစ်မြုပ်သွားမိသည့် အချိန်တွင် ငယ်သံပါအောင် အော်ဟစ်လိုက်မိသည်။

"အမယ်လေး၊ ကယ်ကြပါဦးရှင် ကယ်ကြပါဦး"

အသံတွေပြာဝေသွားမတတ် မည်သို့ပင်အော်အော် တုန့်ပြန်မှုတစ်ခုကိုမျှ မကြားရ။

ကြောက်လန့်တကြားဖြင့် လှုပ်လေလေ ပို၍ နစ်လေလေ။

ခါးမှသည် ဝမ်းဗိုက်။

ဝမ်းဗိုက်မှသည် ရင်ခေါင်း။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခေါင်းမှသည် လည်ပင်း။

မခင်နွယ်မှာအသံပင်မပြုနိုင်တော့။ ဒီနေရာမှာပင် ဘဝအဆုံးသတ်ရတော့မည် ထင်လိုက်၏။

နောက်ဆုံး နွှတုကြီးက နှာခေါင်းအဝအား ဖုံးလွှမ်းလိုက်ပြီး ပါးစပ်ထဲ နှာခေါင်းများထဲသို့ ရွှံ့နွံများ ဝင်လာချိန်မှာတော့ သတိလစ်သလို မိုက်ခနဲတစ်ချက် ဖြစ်သွားလေတော့သည်။

အိမ်မက်တစ် လိုလို မခင်နွယ်မြင်မက်မိ၏။

အိမ်စက်မေ သူမနှင့် မနီးမဝေးမှာပင် ချုံနွယ်ပင်များအကြား၌ မြင်ရ၏။

သို့သော် နွယ်ရှင်တွေလား မကောင်းဆိုးရွားလေလား မသိ။

ချုံနွယ်များမှာ အိမ်စက်မေကို တစ်စစ ရစ်ပိုင်းသိမ်းညှစ်နေလေတော့သည်။

အဝေးမှ တဝူးဝူးတဝေါ်ဝေါ် အသံများကြားရပြီး အရိပ်တွေ အများကြီး ပြေးလာသလိုမြင်ရ၏။

ထိုစဉ်မှာပင် အမှောင်ထဲမှ လက်တစ်ဖက် ထိုး



ထွက်လာသည်။

ထိုလက်က အိမ်စက်မေကို ချုပ်နှောင်ထားသော နွယ်ပင်များအား ဖြေထုတ်လိုက်၏။

ထို့နောက် မခင်နွယ်ဆီ လှမ်းပြောသည်။

“သွား သွား၊ သမီးလေးကိုခေါ်ပြီး ပြေးတော့ နောက်ဘယ်တော့မှ ဒီကို မလာခဲ့နဲ့”

အိမ်မက်လိုလိုကြားရခြင်းဖြစ်၍ မပီသသော်လည်း မခင်နွယ်စိတ်ထဲတွင် ထိုအသံမှာ ကိုမျိုးလွင်အသံနှင့် တူလှသည်ဟု ထင်မိသည်။

ချက်ချင်းပင် …

သူမလက်က တစ်စုံတစ်ရာကို ဆုပ်ကိုင်မိပြီး၊ ထိုအရာအား အားယူ တွဲခိုလိုက်လေတော့သည်။

မခင်နွယ် သတိရလာသောအခါ လက်တစ်ဖက်ထဲတွင် အနီးသစ်တစ်ပင်မှကျနေသော အကိုင်းတစ်ခုကို ဆုပ်ကိုင်နေမိခြင်းအား တွေ့ရ၏။

ထိုသစ်ကိုင်းအား အားယူအမှီပြုလျှက် နွံထဲမှ အတင်း ရုန်းထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုနက သူမ နှင့် မြုပ်သွားခဲ့၌ ...

ရှန်းရင်းကန့်ရင်း အနီးသစ်ပင်ပေါ်မှ ကိုင်းညွတ်ကျနေသည့် ထိုသစ်ကိုင်းအား လှက်တစ်ဖက်က သွားဆွဲကိုင်မိသည်လား။ မပြောတတ်ပါချေ။

နံ့အိုင်အပြင်သို့ရောက်သောအခါ အနီးချုံပုတ်တစ်ခုနံဘေး၌ သတိလစ်လဲလျောင်းကျနေသော အိမ်စက်မေကို တွေ့ရ၏။

သမီးလေးကို ဆွဲယူချီပွေ့လိုက်စဉ်မှာပင် အသိဉာဏ်တစ်ခု ခေါင်းထဲဝင်လာခဲ့လေ၏။

"ပြေး၊ ဒီနေရာကနေ မြန်မြန်သာ ပြေးပေတော့၊ ပြေး ပြေး၊ အမြန်ဆုံး ပြေး"



[၂၀]

အနောက်မှ

တစ်စုံတစ်ရာအပြင်းပြေးလိုက်လာသံ ကြားရ၏။

ဒါမှမဟုတ် လေတိုက်သံများပဲလား မသိ။

မည်သို့ပင်ဖြစ်စေ ဘာမှန်းသဲကွဲအောင် မခင်နွယ် ...ကြည့်နိုင်အား။

ပြေးခြင်းဆီသာ အစိက အာရုံထားနေမိ၏။

ပြေးသည်။

ပို၍ ပြေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်က အိမ်စက်မေကို တင်းတင်းပွေ့ချီလျက် ခြေထောက်တွေ ပြုတ်ထွက်သွားလုမတတ် ဘဝတလျှောက် အမြန်ဆုံးနှုန်းဖြင့် မခင်နွယ် အတင်း ပြေးနေမိလေတော့သည်။

နံဘေးတွင် ချုံပုတ်တွေ သစ်ပင်တွေက ရိပ်ခနဲ ရိပ်ခနဲ ပြတ်ကျန်ရစ်ခဲ့၏။

အစွမ်းကုန် ပြေးလွှားလာရင်း

အဝေး ဦးတည်ရာတွင် ဇရပ်လိုလို တန်ဆောင်ကို မြင်တွေ့လာရလေ၏။

အနောက်မှ လိုက်လာသလိုအသံမှာ ပေါ်ထွက်နေဆဲ။

ဇရပ်ပေါ်သို့ မခင်နွယ် အပြေးအလွှား တက်လာခဲ့လိုက်သည်။

ဇရပ်အတွင်းခန်းသို့ အပြေးဝင်ပြီး တံခါးမကြီးကို ဖြန်းခနဲ ပိတ်ချလိုက်သည်။

အပြင်ပ ကမ္ဘာနှင့် သူမတို့အတွက် အတားအဆီးတစ်ခုတော့ ရှိသွားချေပြီ။



လုံခြုံသော အတားအဆီးမှ ဖြစ်ရဲ့လား?

မည်သို့ပင်ဖြစ်စေ မခင်နွယ်အဖို့တော့ လက်တစ်ဖက်က အိမ်စက်မေကို တင်းတင်းပွေ့ပိုက်ရင်း ပိတ်ထားသော တံခါးချပ်ကို ကျောမှီကာ အမောဖြေနေရလေတော့သည်။

သူမအဖို့တော့ စောင့်ဆိုင်းရုံသာ ရှိတော့သည်ပဲ။

ခဏအကြာတွင် ဇရပ်လှေကားထစ်ပေါ်သို့ တက်လိုက်လာသော ခြေသံတဖျပ်ဖျပ်ကို ကြားရ၏။

တစ်လှမ်း။

နှစ်လှမ်း။

သုံးလှမ်း။

လေးလှမ်း။

ငါးလှမ်း။

ဇရပ်ပေါ်သို့ ထိုအရာရောက်ရှိလာပြီဟု နားလည်လိုက်၏။

အတွင်းခန်းသို့ ဆက်ပြီးဝင်လာမှာလား?

တကယ်လို့ တံခါးတစ်ဖက်ကိုသာ ရောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



မည် ဆိုလျှင်တော့ အတင်းအကြမ်းပတမ်းနှင့် တွန်းဖွင့်ဝင်လာပါက ခနော်နီ ခနော်နဲ့ တံခါးရွက်ကလေးတွေက တောင့်ခံနိုင်ပါ့မလား?

မသေချာပါ။

မခင်နွယ်အဖို့ တံခါးရွက်အားကျောနှင့်တင်းတင်းတွန်းပိတ်ကာ ဆုတောင်းနေရုံသာ ရှိပါတော့သည်။

နောက်ကလိုက်လာခဲ့သော တစ်စုံတစ်ရာသည် တံခါးရွက်၏ တစ်ဖက်တွင် ရပ်တန့်၍ နေလေ၏။

မခင်နွယ်၏ နှုတ်မှားမှ စကားလုံးများစွာ အစီအရီထွက်ပေါ်၍ သွားကြလေ၏။

"ရှင်ဘာဖြစ်လို့ ကျွန်မတို့နောက်လိုက်လာ ရတာလဲ၊ ကျွန်မတို့ကို အန္တရာယ်ပေးချင်လို့လား၊ ဒီမှာ ရှင့်သမီးလေးရယ် ကျွန်မရယ်ပဲ ရှိတယ်နော်၊ ကျွန်မက ရှင့်သမီးလေးကို စောင့်ရှောက်နေတာ၊ ကျွန်မသာ တစ်ခုခုဖြစ်သွားခဲ့ရင် ရှင့်သမီးလေးကို ဘယ်သူစောင့်ရှောက်မလဲ၊ အခုဆို ရှင့်ယောက်ျားလည်း မရှိတော့လို့ သမီးလေးကို စောင့်ရှောက်



မယ့်သူဆိုလို့ ကျွန်မပဲကျန်တော့တာနော်၊ ပြီးတော့ သူ့ကိုလည်း ဒုက္ခမပေးချင်ပါနဲ့ရှင်၊ ဒါဟာ ရှင့်ရဲ့ သမီးအရင်းခေါက်ခေါက်ပါ ဘဝတွေခြားသည့်ပဲ ဖြစ်စေ၊ ဒါဟာ ရှင့်ရဲ့ သွေးသားအရင်းပါ"

တတွတ်တွတ်နှင့် မည်မျှကြာအောင် မခင်နွယ် ပြောဆိုနေမိလေသည် မသိ။

သူမ စကားသံရပ်သွားချိန်မှာတော့ အပြင်ဘက်မှာလည်း အရာရာငြိမ်သက်လျှက်ရှိနေချေပြီ။

ထို့နောက် ... အကြာကြီး ...

နှစ်ဖက်စလုံး ငြိုင်တူငြိမ်သက်နေမိကြသည်။

မခင်နွယ်မှာတော့ အသံမထွက်ပဲ ရွတ်ဖတ်၊ ဆုတွေ ကောင်းလိုက်ရတာအမော။

အတော်ကြီးကြာသွားမှပင် တံခါးရွက်နောက်ဘက်မှ အသံလေးတစ်သံကို စတင်ကြားရလေ၏။

တိုးညင်းသော်လည်း စိတ်သက်သာစရာ ကောင်းသည့်အသံ။

တရွေ့ရွေ့ နောက်ပြန်ဆုတ်သွားသော ခြေသံပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ထစ်။

နှစ်ထစ်။

သုံးထစ်။

ဇရပ်လှေကားထစ်တို့ကို ပြန်၍ ဆင်းသည်။

ထို့နောက် တဖျပ်ဖျပ်ထွက်ခွာသွားစဉ်မှာပင်

ဘယ်အချိန်ကတည်းက သတိရနေမှန်း မသိသော အိမ်စက်မေသည် ရုတ်တရက်တံခါးကို ဆွဲဖွင့်ကာ အပြင်ဘက်ဆီသို့ အော်ခေါ်လိုက်လေ၏။

"**မေမေ**"

တားချင်သော်လည်း မမီလိုက်။

မခင်နွယ်မှာ ပွင့်သွားသော တံခါးပေါက်မှ အပြင်သို့ စိုးရိမ်တကြီး ကြည့်လိုက်မိသည်။

ကြောက်စရာ ဘာကိုမျှ မမြင်ရ။

အဝေးတနေရာတွင်တော့ ခွေးအူသံများနှင့်အတူ တဖွေးဖွေး တလှုပ်လှုပ်နှင့် တရွေ့ရွေ့ဝေးကွာသွားသော သင်္ဘောန်တစ်ခုကိုသာ မသဲမကွဲ မြင်ယောင်လိုက်ရလေတော့သည်။



[၂၁]

မနက်လင်းလင်းချင်း၌

အရင်ဆုံးလာကြည့်ကြသည်မှာ အနီးအနားမြို့ ဆေးတွင်ရှိသော မြို့သူ မြို့သားများပင် ဖြစ်ကြလေသည်။

ညက ...

တစ်ညလုံး ခွေးအူသံသချိုင်းထဲတွင် တော်လဲ အလို အသံဆူဆူညံညံကြီးများ ကြားရပြီး လေတွေ တဝူးဝူး အဆါဝေါ တိုက်နေသည်ကိုလည်း သိကြသဖြင့် ဘာများ ဖြစ်သလဲဟု လာကြည့်ကြတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဖိတ်ခေါ်သဖြင့် မြို့ကလေးထဲသို့ မခင်နွယ်နှင့် အိမ်စက်မေတို့နှစ်ယောက် ပါသွားကြလေသည်။

သိပ်မကြာခင်မှာပင်

ကိုလှရွှေတစ်ယောက်လည်း စိုးရိမ်တကြီးနှင့် ရောက်ချလာလေတော့သည်။

"ကျွန်တော်ပြောထားရက်နဲ့ ဒီကိုဘာဖြစ်လို့ လာရတာလဲဗျာ"

ဟု ဂရုဏာဒေါသနှင့် ပြောလေ၏။

မခင်နွယ်က ပြုံး၍သာနေသောအခါ ရုတ်တရက် လွှတ်ခနဲ ...

"မင်းအတွက် စိုးရိမ်လွန်းလို့ ကိုယ်ပြောရတာကွ"

ဟု ပြောထွက်သွားကာ မခင်နွယ်လက်ကို လာရောက် ဆုပ်ကိုင်လေသည်။

"အို"

ဟု မသဲမကွဲ ရေရွတ်ရင်း မခင်နွယ် ရှန်းလိုက်



သော ခါ-ကိုလှရွှေမှာ အားနာသွားပြီး

"ဆောရီးနော်၊ ကျွန်တော်သတိလက်လွတ် ဖြစ်သွားတယ်"

"ရပါတယ်ရှင်"

ဟု ပြောရင်း မခင်နွယ် ခေါင်းငုံ့ထား လိုက်မိ၏။

ယင်းမှာ သူတို့နှစ်ယောက် ဖူးစာဆုံစေသော ဖြစ်ရပ်၏ အချိုးအကွေ့တစ်ခုပင် ဖြစ်ပါလေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ကိုလှရွှေနှင့် မခင်နွယ်တို့နှစ်ယောက် လက်ထပ်ဖြစ်ပြီးကြသောအခါ အိမ်စက်မေကို သမီးအဖြစ် မွေးစားလိုက်ကြလေသည်။

ခွေးအူသံ သချိုင်းသို့ သူတို့နောက်တစ်ကြိမ် သွားကြည့် ဖြစ်ကြသေး၏။

ဒီတစ်ခါတော့ ...

နေ့လည်နေ့ခင်း လင်းလင်းချင်းချင်းမှာပင်ဖြစ်သည်။

နာမည်မှားရေးထားသော ခင်စက်မေ၏ အုပ်ဂူကို သူတို့တွေ့ခဲ့ကြသေး၏။



ကိုလှရွှေက မခင်နွယ်ကိုပြောပြသည်။

ထိုအုပ်ဂူပေါ်တွင် ယခင်က ကျိန်စာတိုက်သည့် သဖွယ် ရှေ့တည့်တည့်သို့ လက်ညှိုးထိုးထားသော မိန်းမပုံ ရုပ်တုတစ်ခု ရှိနေခဲ့သည်တဲ့။

ယခုတော့ ...

ထိုအုပ်ဂူပေါ်မှာ ဘာရုပ်တုမှ မတွေ့ရတော့။

ကြေမွနေသော ကျောက်သားအမှုန့်များသာ တွေ့ရသေးသည်။

ကိုလှရွှေပြောသော ရုပ်တုပင်
ကြေမွသွားခြင်းများလား
မပြောတတ်ပါချေ။

ဒဿကျော်စွာ

၅-၇-၂၀၀၀

နေ့လည် ၁၁း၂၀နာရီ

www.burmeseclassic.com

www.burmeseclassic.com


# ဒဿကျော်စွာ Fun Club အကြောင်း

ကြီးကြီးကျယ်ကျယ်နဲ့ Fun Club တွေ ဘာတွေလုပ်ရအောင် မင်းက ဘာကောင်မို့လဲလို့ မေးစရာရှိပါတယ်။

ဟုတ်ကဲ့။ ကျွန်တော် မင်းသားလည်း မဟုတ်ပါ။ အဆိုတော်လည်း မဟုတ်ပါ။

ကျွန်တော်ဖွဲ့သော Fun Club သည် လူ Fun Club မဟုတ်။ စာ Fun Club သာလျှင် ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ရေးဘော်များ ဖန်တီးတဲ့ လက်ရာတွေကို ဒီ Fun Club အတွင်းမှာ ဖြန့်ဝေပေးမယ်။ ပြီးတော့ ကျွန်တော်နဲ့ ရေးဘော်တို့ရဲ့ စာအုပ်တွေကို အခါအား လျော်စွာ အခမဲ့ ပေးသွားမယ်။

ကျွန်တော်က ဖန်တီးမှုအသစ်တွေကို နှစ်သက်ပါတယ်။ အဟောင်းအမြင်းကြီးတွေ မုန်းတယ်။ ကျွန်တော် သရဲဝတ္ထုတွေ ရေးဖြစ်ခဲ့တာကိုက အသစ်ဖန်တီးချင်လို့ပါ။

ဒီလိုဆိုတော့ မေးစရာရှိတယ်။ သရဲတစ္ဆေယုံကြည်မှုဆိုတာ ခေတ်နောက်ပြန်ဆွဲတဲ့ အယူအဆတွေ မဟုတ်ဘူးလားလို့။ ဒါပေမဲ့ ကျွန်တော်က ယုံကြည်မှုကို အခြေခံချင်တာ မဟုတ်ဘူး။ စိတ်လှုပ်ရှားမှုကို အခြေခံချင်တာ၊ စိတ်ကူးဆန်းပြားတဲ့ Fantasticဖြစ်မှုကို ဖန်တီးချင်တာဖြစ်တယ်။ ပြောရရင် ကျွန်တော်သည် မြစကြာကို အားမကျ။ အတုမယူ။ ဟယ်ရီပေါ်တာရေးတဲ့ ဂျေကေရိုးလင်းတို့၊ ဖီးလစ်ပူးမန်းတို့၊ ပေါ်လိုကိုဟိုး တို့ကိုသာ ရှူးသွပ်တဲ့သူ ဖြစ်တယ်။

ဝတ္ထုရေးမယ်ကြံတဲ့အခါ တင်ပြပုံလည်း ဆန်းသစ်စေချင်၊ စိတ်လှုပ်ရှားရတဲ့ ခံစားမှုလည်းပေးချင်လို့ သရဲဝတ္ထု ရေးဖြစ်ခဲ့တာပါ။

နောက်ပိုင်းကို ကျွန်တော့်ဝတ္ထု... က တဖြည်းဖြည်း သရဲဆိုတာထက် စိတ်လှုပ်ရှားရတဲ့ ရသ ... ဆန်းပြားအံ့ဩဖွယ်ရသမျိုးကို ပေးဖို့ လမ်းကြောင်းကို အားပြုရေးဖွဲ့လာတာ သတိပြုမိကြပါလိမ့်မယ်။ အဓိကကတော့ စိတ်ကူးဆန်းသစ်မှုကို ဖန်တီးတာပါပဲ။

ခု ကျွန်တော်ဖွဲ့လိုက်တဲ့ Fun Club ဝင်လိုသူတွေမှာ နှစ်မျိုးစားကို အဓိက ဖိတ်ခေါ်ချင်ပါတယ်။

တစ်မျိုးက 'အသစ်' ဖန်တီးချင်တဲ့သူ။

နောက်တစ်မျိုးက 'အသစ်' ခံစားချင်တဲ့သူပါ။

ဘယ်လိုဝတ္ထုမျိုးပဲဖြစ်ဖြစ် အိုင်ဒီယာအသစ်၊ ဖန်တီးမှုအသစ်နဲ့ဆိုရင် ကျွန်တော့်ဆီ ပို့ပေးပါ။

၁) ဝက်ဆိုဒ်ပေါ်မှာ ဖော်ပြပေးမယ်။

၂) စာအုပ်ထုတ်လို့ ဖြစ်မှာကို ပြန်လည် ထုတ်ဝေပေးပါမယ်။

စတည်စ ငွေရင်းနည်းနေသေးလို့ အပြင်ရောင်းတမ်း မထုတ်နိုင်သေးတောင် Fun Club ဝင်ထားသူတွေဆီတော့ ဖြန့်ချိပေးမှာပါ။

Fun Club ဝင်ဖို့ကလည်း လွယ်လွယ်လေးပါ။

တစ်ဘက်မှာ ပေးထားတဲ့ ဖောင်ကို ကူးဖြည့်ပြီး အီးမေးလ်လိပ်စာ (dtksfunclub@gmail.com) ကို ဖြစ်စေ၊ စာတိုက်သေတ္တာ အမှတ် ၃၁၅ ကိုဖြစ်စေ ပို့လိုက်ရုံပါပဲ။

မကြာခင် ရရှိကြောင်းပြန်စာနဲ့အတူ Fun Club ဝင်သူအတွက် ပထမဆုံးလက်ဆောင်အနေနဲ့ စာအုပ်တစ်အုပ်ရလိမ့်မယ်။ မိမိ ဖန်တီးမှုတွေ ပေးပို့ချင်သူတွေအတွက်တော့ Fun Club ဝင်အပြီးမှာ ပို့ရမယ့်ပုံစံလေး ဆက်လက်တောင်းယူနိုင်ပါတယ်။

www.burmeseclassic.com

## ဒဿကျော်စွာနဲ့ ပရိသတ်တွေ့ဆုံပွဲ။



နှုတ်ဖော်ပါးပါး ပရိသတ်များ



MRTV4 CityFM, အလင်းတန်းဂျာနယ်တို့နဲ့ အင်တာဗျူးစဉ်။

## ၁၁.၉.၂၀၁၁ (စာပေလောက၊ပန်းဆိုးတန်း) မှာလုပ်ခဲ့တဲ့ ဒဿကျော်စွာနဲ့ ပရိသတ်တွေ့ဆုံပွဲ။



www.burmeseclassic.com

www.burmeseclassic.com





ပျော်ပျော်ပါးပါး ပရိသတ်များ။



Envoy ဂျာနယ်နဲ့ အင်တာဗျူးခန်း။

ဒဿသကျော်စွာနဲ့ ပရိသတ်တွေ့ဆုံပွဲ။



ပျော်ပျော်ပါးပါး ပရိသတ်များ။



ပျော်ပျော်ပါးပါး ပရိသတ်များ။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿကျော်စွာနဲ့ ပရိသတ်တွေ့ဆုံပွဲ။



အချစ်ဂျာနယ်နဲ့ အင်တာဗျူးစဉ်၊



ပျော်ပျော်ပါးပါး ပရိသတ်များ။

www.burmeseclassic.com